လင်းလွန်းခင်စာပေတိုက် ၉ နှစ်ပြည့်အမှတ်တရ



# ဝင်းဝင်းမြင့်(နန်းတော်ရှေ့)

## အခန်း ( ၁ )

နှင်းဆွတ်ဖြူ၏ စိတ်နှလုံးတွင် အထပ်ထပ် ရစ်နှောင်နေခဲ့သော အလွမ်းတို့က မပြေပျောက်နိုင်သေးပါလားဟု အံ့ဩထိတ်လန့်စွာ တွေးလိုက်မိသည်။ တမြည့်မြည့် လောင်မြိုက်၍ တငွေ့ငွေ့ ကျွမ်းနေသော အလွမ်းဒဏ်ရာများက မျက်မြင်သက်သေ ပြရန်တော့ မဖြစ်နိုင်...။ ဒါပေမယ့် နှင်းဆွတ် တကယ်ပဲ လွမ်းတတ်ခဲ့တယ် ဆိုတာ ကိုယ်တိုင် ယုံခဲ့လေပြီ။

နှင်းဆွတ်ဘဝမှာ အမြဲတမ်း အဆင်သင့် ဖြစ်နေတတ်တဲ့ မာန်မာနတွေ ဘယ်ဆီရောက်နေလဲ။ အသက်နဲ့အမျှ ရှင်သန် ကြီးထွားခဲ့ပါတယ် ဆိုတဲ့ နှင်းဆွတ်ရဲ့အားမာန်တို့ရေ... မင်းတို့ ဘယ်ဆီမှာလဲ။ မေ့ပျောက်လို့မရနိုင်တဲ့ အဲဒီ အလွမ်းကို နိုင်အောင် မတိုက်နိုင်ကြတော့ဘူးလား...။

နှင်းဆွတ်ဖြူအတွက် ခုချိန်မှာ လိုအပ်ဆုံးအရာက အလွမ်းလည်း မဟုတ်၊ အချစ်လည်း မဟုတ်။ အသေချာဆုံး တွေးကြည့်မည် ဆိုလျှင်တောင် နှင်းဆွတ်ဖြူ၏ နှလုံးသားထဲမှာ ငယ်စဉ်ကတည်းက အတည်တကျ နေရာယူထားသော 'ကိုကို' လည်း မဟုတ်တော့ပေ။ အချစ် ဆိုသောအရာကို ဘာဆိုဘာမှန်း မသိသေးသော အရွယ်ကပင် နှောင်တွယ်ရစ်ငင်ခဲ့သော ကြိုးတစ်ပင်ကြောင့် နှင်းဆွတ်ဖြူ၏ ဘဝကို လူပီသခဲ့သည်ဟု ကိုယ့်ကိုယ်ကိုယ် ကျေနပ်နှစ်သိမ့်နိုင်ခဲ့ဖူးသည်။ ထိုအတွေးကို ခုချိန်ကျခါမှ မှားပြန်ချေသေးရဲ့ဟုလည်း မဆိုချင်။ ဒါ ဘယ်သူ့ကြောင့်လဲ၊ ဘယ်သူ့ကြောင့်လဲ။

ကိုကိုလား။ အမှားကို သိသိကြီးနဲ့ လုပ်တဲ့လူ 'ကိုကို' တော့ မဖြစ်စေချင်။ ဒါပေမဲ့ ကိုကို့ရင်ထဲမှာ ဘာတွေ ရှိနေမလဲ နှင်းဆွတ်လည်း မသိနိုင်။ ကိုကို့ကို လက်ထောက် ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ဦးဖြစ်သော ဖေဖေ၏ စနစ်ကျသော စည်းကမ်းများနှင့် ကြီးပြင်းခဲ့ရသည်။ ဘာလုပ်လျှင် ဘာဖြစ်မည် ဆိုသည်ကိုသာလျှင် တွေးတတ်ခဲ့သည်။ ဖြစ်သင့်သည်ဟု ဆိုပါက မဖြစ်ဖြစ်အောင်ပင် ကြိုးစားခဲ့ရသည်။ ဖေဖေ အမြဲပြောလေ့ရှိသော စကားကိုလည်း အစဉ်အမြဲ သတိရနေဆဲ။ အလုပ်တစ်ခုကို စတင်မလုပ်မီ 'ကြိုတင်စဉ်းစားထား၊ အဆုံးသတ်ပန်းတိုင်ကို ကြိုတွေးကြည့်လို့မှ လွဲချော်မယ်၊ မှားလိမ့်မယ်ဆိုတာ တွက်လို့ရရင် ဘာမှ စမ်းသပ်မနေနဲ့တော့၊ လုပ်ကို မလုပ်နဲ့' ဟူသော ကန့်သတ်ချက်များနှင့် နေထိုင်ခဲ့ရသည်။ လွဲလွဲချော်ချော်ရယ်တော့ ဘယ်သူဖြစ်ချင်မှာလဲ ဖေဖေရယ်။ တစ်ခါတစ်ခါမှာတော့ လူ့ဘဝ ဆိုတာကြီးဟာ အလွဲလွဲ အမှားမှားတွေကို စုချည်ထားတဲ့ ကြိုးထုံးကြီးတစ်ခုနှင့်များ တူနေမလားဟု နှင်းဆွတ် တွေးကြည့်မိဘူးသည်။ ဖေဖေကတော့ လက်ခံနိုင်မလား၊ ဖွတ်အတင်းပင် ငြင်းလေမလား မသိ။

ခုလို ပြောတတ်ဆိုတတ် ခံစားတတ်သော အချိန်မှာ ဖေဖေနှင့် အတူတစ်အိမ်ထဲမှာ ရင်းရင်းနှီးနှီး နေချင်ပါသေးရဲ့။ ဖေဖေနှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်စရာ အကြောင်းအရာတွေ နှင်းဆွတ်မှာ အများကြီး။

'ဖေဖေရယ်၊ တစ်ခါတလေမှာ ကြိုတင် စဉ်းစားခွင့်ကို မရလိုက်ဘဲ၊ အဆုံးသတ်ပန်းတိုင်ကိုလည်း ဘာဆို ဘာမှန်း မသိလိုက်ရဘဲ လူက အလိုလို လုပ်မိသွားတာ ရှိကြပါတယ်နော်။ လူတိုင်းနီးပါးလောက် ဖြစ်တတ်တယ် မဟုတ်ဘူးလား' ဟု စိတ်လွတ်လက်လွတ် မေးမိသည့်အခါ ဖေဖေ့မျက်နှာကို မော့မကြည့်ရဲ။

ဖေဖေ နှင်းဆွတ်ကို ခွင့်လွှတ်မှာလား။ သိပ်ပြီး သေချာတာတစ်ခုက နှင်းဆွတ် ဘာအပြစ်တစ်ခုကိုမှ မကျူးလွန်ရသေးဘူး ဆိုတာပါ။ နောက်တစ်ခုက

နှင်းဆွတ်ရဲ့ ခံစားချက်ပေါ်မှာ ခုထိ ရိုးသားနေပါတယ် ဆိုတာ ဖေဖေ့ကို သိလည်း သိစေချင်၊ ယုံလည်း ယုံစေချင်လှသည်။

'အင်ဂျင်နီယာ ကိုမင်းသာနဲ့ ဆရာမ မတင်တင်လေးရဲ့ သမီးလေးက သိပ်လိမ္မာတာပဲ။ တစ်ယောက်ဆို ဆိုသလောက် ပြောစရာမရှိအောင် ဗိုင်းကောင်းကျောက်ဖိလေးတော်။ စာကလည်း တော်၊ ချက်တတ် ပြုတ်တတ်၊ နေတတ် ထိုင်တတ်ကလေး။ သမီးလေး အရွယ်ရောက်လို့ကတော့ မတင်တင်လေးတို့ မျက်နှာ ရလိုက်မယ့်ဖြစ်ခြင်း' ဟု လူကြီးတွေက ချီးမွမ်းခဲ့ကြသည်။

ဖေဖေနှင့် မေမေကလည်း နှင်းဆွတ်ကို အရိပ်တကြည့်ကြည့်။ လူ့ဘဝဟူသည် ကျားကွက်ရွှေ့သလို၊ စစ်တုရင် ကစားသလို ဉာဏ်ကစားတတ်ရုံနှင့် ပြီးသွားနိုင်တာ မဟုတ်မှန်း ခုတော့ နှင်းဆွတ်ဖြူ လက်ခံရတော့မည်။

သူလည်း မေ့လောက်ပါလေပြီဟု ဇွတ်တွေးကာ မေ့သင့် မေ့ထိုက်သည်မှန်သမျှကို အလုပ်နှင်းအစားထိုးရင်း မလွမ်းမတခဲ့တာ တစ်နှစ်ပတ်လည်ခဲ့ပြီ။ 'နှင်းဆွတ်က သမီးလိမ္မာ သိပ်ဖြစ်ချင်တာပဲလား' ဟူသော ကိုကို၏ အဆုံးသတ် မေးခွန်းကိုတော့ မေ့မရနိုင်သေး။ နှုတ်ဖြင့် မဖြေပဲ ကိုကို့ကို မဲ့ပြုံးပြုံးပြလိုက်မိတာကိုတော့ မမေ့နိုင်သေး။ အံ့ဩဖွယ်ကောင်းလွန်းစွာပင် ထိုနေ့မှစ၍ ကိုကို့ကို မတွေ့ဘဲ နေခဲ့တာ တစ်နှစ်ပတ်လည်...။ ကိုကို့ကို စိတ်ဆိုးစိတ်ကောက်တာ မဟုတ်...။ အံ့ဩနာကျင်စွာ...။ လိုအပ်သောအခါမှာ အလိုလို ထွက်ပေါ်လာတတ်သော နှင်းဆွတ်၏ စိတ်စွမ်းအားကို ယုံကြည်ကိုးစားသော ကိုကိုနှင့် အဝေးကြီး ဝေးဖို့ ကြိုးစားခဲ့ပုံများကို ပြန်မတွေးချင်တော့ ...။

*

## အခန်း ( ၂ )

နှင်းဆွတ်၏ ရင်မှာ အလွမ်းများက မစိုက်ဘဲ ပွင့်သောပန်းများလို အချိန်တန်လျှင် ဟောတစ်ပွင့် ဟောတစ်ပွင့် လှိုင်လှိုင်ကြီး ပွင့်တတ်ပြန်သည်။ ပထမ အလွမ်းပွင့်ကတော့ ချစ်သော မေမေ။

'မေမေ မရှိရင် သမီး ဘယ်လို နေရမှာလဲ' ဟု မေမေ့ကို တမင်ချွဲနွဲ့ခဲ့ဖူးပေမယ့် ခုတော့ တကယ်ကိုပဲ မေမေ မရှိပဲ နေတတ်ခဲ့ရသည်။

နှင်းဆွတ်ဖြူ၏ ဘဝတစ်လျှောက်တွင် မေမေက ချစ်ခင်အားကိုရသော၊ ပျော်ပျော်ပါးပါး စနောက်၍ ရသော၊ စိတ်ကောက်လျှင်လည်း စိတ်ရှည်လက်ရှည် ချော့မော့နှစ်သိမ့်တတ်သော သူငယ်ချင်း။

မေမေက အခက်အခဲမှန်သမျှ၊ ဒုက္ခမှန်သမျှ ကိုယ် ပြေလည်အောင် ဖြေရှင်းပေးနိုင်သော၊ နှင်းဆွတ်၏ လျှို့ဝှက်ချက်များကို မကွယ်မဝှက် တိုင်ပင်နိုင်သော အစ်မ။ မေမေက သိသင့်သိအပ်ရာ မှန်သမျှကို နားလည် လက်ခံအောင် ရှင်းပြသွန်သင် ဆုံးမသော ဆရာမ။

မေမေက သမီး နှင်းဆွတ်အတွက် အရာရာ ရှေ့ဆောင်ဦးရွက်ပြုပြီး အနှစ်နာခံ မားမားမတ်မတ် ရပ်တည်ပေးသော မေမေ။ နှင်းဆွတ်က မေမေ့ကို ချစ်ရုံမျှမက မေမေ ပြုသမျှကို အထင်တကြီး အားကျခဲ့ရသူ။

မေမေနှင့် ပတ်သက်လျှင် နှင်းဆွတ် အမျိုးမျိုး တွေးကြည့်ဖူး၏ ။ မေမေ့ကို ဘယ်အချိန်ကစပြီး မေမေဟု သိသွားတာလဲ ဟူသော မေးခွန်းကအစ

ကိုယ်ဟာကိုယ်မေးပြီး ဖြေကြည့်ခဲ့ဘူး၏။ မှတ်မှတ်ရရ ထိုစဉ်က နှင်းဆွတ်သည် မေမေ၏ တင်ကျဉ်ခွေပေါ်မှာ ဖြစ်မည်။ မေမေက ဘယ်ဘက်ဖက်ဖဝါး နွေးနွေးလေးနှင့် နှင်းဆွတ်၏ ဦးခေါင်းအောက်မှာ ခံပေးထားသည်။ ညာဘက်လက်ကလေးနှင့် ထွေးပွေ့ထား၏။ နှင်းဆွတ်က ချိုချိုစို့ရင်း မျက်လုံးကို မှိတ်မထားပဲ မေမေ့ကို မော့ကြည့်နေ၏။ မေမေ့နှုတ်က ပြောတော့ ပြောနေသည်။ ဘာတွေမှန်းတော့ နှင်းဆွတ် နားမလည်တတ်သေး။ မေမေ့အသံလေးက သာသာယာယာနှင့်မို့ နားထောင်လို့ ကောင်းနေတာတော့ အမှန်ပင်။ နောက်တော့မှ မေမေ နှင်းဆွတ်ကို သီချင်းအေးအေးလေးတွေ ဆို၍ သိပ်လေ့ရှိကြောင်း တွေးမိခဲ့သည်။ ပထမဆုံး မှတ်မိနေတာ မေမေ့အသံများလား မသိ။ မေမေက သီချင်းပီပီတော့ ဆိုလေ့ မရှိပေမယ့် မေမေ့ရင်ထဲက စာသားကို သီချင်းလုပ်ပြီး ဆိုလေ့ရှိတာကိုတော့ အနည်းငယ် ကြီးလာသောအခါ မှတ်မှတ်ရရ ဖြစ်သွားသည်။

သေသေချာချာ မှတ်မိနေတာက အစဉ်အမြဲ ထူးထူးခြားခြား ရှိနေတတ်သော မေမေ၏ မျက်ဝန်းများ။ မေမေ ပြောသော စကားများကို နားမလည်မိ၊ မေမေ့မျက်ဝန်းများနှင့် စတင် ကျွမ်းဝင်ခဲ့ရတာ ဟု နှင်းဆွတ် ထင်မိသည်။ မေမေကြည့်သလို နှင်းဆွတ်ကို ဘယ်သူမှ မကြည့်တတ်။ ဘယ်သူ့တေးသံမှ မေမေ့ သံချိုအေးနှင့်မတူ။ ဘယ်သူ့လက်မှ မေမေ့လာက်အောက် မနွေးထွေး။ နှင်းဆွတ်က မေမေ့ကို ငယ်စဉ်က အတွေးများအား စိတ်လိုလက်ရ ပြောပြဖူးသည်။

'မေမေ သိလား။ နှင်းဆွတ်ကလေ မေမေ့ကို ဟိုး-ငယ်လေးတုန်းက 'ချိုချို'လို့၊ အဲ့ဒီလို မှတ်ထားတာ။ နှင်းဆွတ်ဆာရင် မေမေက ချိုချိုတိုက်လို့လေ။ တစ်ခါ မေမေက ကျောင်းမှာ အစည်းအဝေးရှိလို ကြာနေတာ၊ နှင်းဆွတ်က ဆာလှပြီ၊ ငိုတာပေ့ါနော်။ အဲ့ဒီတုန်းက ဖေဖေလည်း အိမ်မှာရှိတယ်လေ။ ဖေဖေက နှင်းဆွတ်ကို လာချီတာပေ့ါ။ နှင်းဆွတ်က ဖေဖေ့ဆီမှာ ချိုချို ရှာတယ် ရှာတယ်၊ မတွေ့တော့ ဖေဖေ ချီတာကို မကြိုက်တော့ဘူး၊ ကော့လန်ထိုးပြီး ချီလို့ မရအောင်

လုပ်ဖူးတယ်’ ဆိုတော့ မေမေက မျက်ရည်ထွက်အောင် ရယ်လျက် ‘အဆိုးလေး’ ဟု နှင်းဆွတ်၏ ခေါင်းကလေးကို ချစ်စနိုးပုတ်တာကိုလည်း ကြည်နူးပျော်ရွှင်ခဲ့ဖူးသည်။ မေမေနှင့် ပတ်သက်လျှင် နှင်းဆွတ်အတွက် မေ့နိုင်စရာ ဘာမှ မရှိ။

နှင်းဆွတ်တွေးတိုင်း သတိတရ ဖြစ်နေမိတာက မေမေ၏ အလိုက်သိတတ်မှုများကို ဖြစ်သည်း။ အံ့ဩဖွယ်ကောင်းလိုက်ပုံက နှင်းဆွတ်ငယ်ငယ် စကားမပြောတတ်သေးခင်က စရမည်။ နှင်းဆွတ် ချိုချိုဆာနေပြီဆို မေမေ့ကို တမ်းတလိုက်ကာရှိသေး မေမေက ရောက်လာသည်။ ထမင်းစားတတ်သောအရွယ်မှာ မေမေက နှင်းဆွတ် ဆာတယ်ထင်ရင် ထမင်းလာကျွေးသည်။ အထူးအံ့ဩရတာ ကတော့ နှင်းဆွတ် မကြိုက်တာ ကြိုက်တာတွေကို မေမေ သိနေခြင်းပင်။ နှင်းဆွတ်က ဟင်းအရည်တွေနှင့် နယ်ထားသော ထမင်းမျိုးကို နည်းနည်းလေးမျှ မကြိုက်။ ထမင်းဖြူဖြူလေးကို အသားကြော်လေးနှင့် စားရလျှင် အလွန်ကြိုက်သည်။ ဒါတွေကို မေမေ ဘယ်လိုများ သိပါလိမ့်ဟု တွေးရလောက်အောင်ပင် မေမေက နှင်းဆွတ်၏ အကြိုက်များကိုသာ ရွေးချယ်၍ ကျွေးခဲ့သည်။ နှင်းဆွတ် အသက်ကြီးလာလေ မေမေက နှင်းဆွတ်ကို နားလည်လာလေပါနော်။

မေမေ့အကြောင်း တွေးမိလျှင် မေမေ၏ စာနာနားလည်ပေးနိုင်မှုတို့က နှင်းဆွတ်အတွက် အံ့မခန်းဖြစ်နေရစမြဲ။ နှင်းဆွတ် အပျိုဖော်ဝင်ချိန် ဝတ်ချင် စားချင်လာပြန်တော့လည်း မေမေ ဆင်သော အဝတ်အထည်များက နှင်းဆွတ် အကြိုက်။ နှင်းဆွတ်စိတ်ထဲမှာ အကျီလေးတွေ နွမ်းနေပြီဟု ထင်မိလျှင် မေမေက အထပ်လိုက် ဝယ်ပြီးနေတာမျိုး။ မေမေ ဝယ်ပေးထားသော အဝတ်အထည်များတွင် နှင်းဆွတ် ကြိုက်နှစ်သက်သော အရောင်နှင့် အဆင်အသွေးများသာ ဖြစ်နေတာမျိုး။ မေမေနှင့် နှင်းဆွတ်က တစ်စိတ်တည်းပဲဟု ခဏ ခဏ ပြောဖြစ်လျှင် မေမေ ပြုံးမြဲမြဲ။

နှင်းဆွတ်ကတော့ မေမေ့အတွက် ဘာတွေများ လုပ်ပေးနိုင်ခဲ့လို့လဲဟု

တွေးဖြစ်လျှင်တော့ ဂမ်းနည်း အားရသေးသည်။ နှင်းဆွတ်က 'မေမေ့ကို ချစ်ရုံသာပဲ ချစ်တတ်ခဲ့တာပါ' ဟု စိတ်မကောင်းစွာ တွေးနေမိပြီ။ ထိုအခါ မေမေက 'သမီးက မေမေ့ကို အဲ့ဒီလောက်ကြီး ချစ်လို့ ခုလို လိမ္မာတာပေါ့' ဟု ဆိုသည်။ ဟုတ်တာပေါ့ မေမေရယ်၊ သေချာတာပေါ့။ မေမေ့ မေတ္တာကြောင့် နှင်းဆွတ် လိမ္မာတာပါ။

မေမေတောင်မှ သတိထားမိမှာ မဟုတ်ဘဲ နှင်းဆွတ်တစ်ယောက်တည်းသိနေ မှတ်မိနေရတာ တွေလည်း ရှိသေးသည်။ မမေ့နိုင်သော ညတစ်ညဟု ဆိုရမည်။ မေမေက နှင်းဆွတ်ဘေးမှာ အိပ်ပျော်နေသည်။ မေမေက ဖျားလည်း ဖျားနေသည်။ မေမေ နေမကောင်းမှန်းသိသောကြောင့် နှင်းဆွတ်က ဂျီမကျဘဲ ငြိမ်ငြိမ်လေးနေကာ မေမေ့ကို ဂရုစိုက်၍ ကြည့်နေရသည်။ ကြည့်နေရင်းမှာပင် မေမေ့ အသက်ရှူသံက ပျောက်သွားသည်၊ မကြားရတော့ဘူးဟု ထင်ကာ မေမေ့ရင်ဘတ်ကို ကြည့်သည်။ ခါတိုင်း နိမ့်တုံ မြင့်တုံဖြစ်လေ့ရှိသော မေမေ့ရင်ဘတ်ကြီးကလည်း ငြိမ်နေသည်ဟု ထင်လိုက်သည့် တစ်ခဏ ဘာလုပ်လို့ ဘာရမှန်း မသိ။ အိပ်ရာမှ ဝုန်းခနဲ ထကာ မေမေ့ကို လှုပ်နိုး ခေါ်ကြည့်ရန် ပြုစဉ် မေမေက 'အင့်' ဟု ညည်းလျက် တစ်ဖက်သို့ စောင်းသွားသည်။ ထိုသော်မှ စိတ်အေးရပြီး မှေးခနဲ အိပ်ပျော်သွားတော့သည်။ နောက်တစ်နေ့ မနက် အိပ်ရာထ တော်တော်နှင့် မနိုး။ နေမကောင်းသော မေမေက စောစောထကာ ထုံးစံအတိုင်း နှင်းဆွတ် ကြိုက်သော ပဲပြုတ်ထမင်းကြော် ကြော်ပြီး၊ မတ်ပဲဗယာကြော် ဝယ်ပြီးမှ နိုးသည်။ မေမေနှင့် အတူ နံနက်စာစားရင်း ညက နှင်းဆွတ်၏ ဒုက္ခကို ပြောပြသောအခါ မေမေက ရယ်လျက် 'ကြံကြံဖန်ဖန် သမီးရယ်၊ လူဆိုတာ အဲဒီ လောက် လွယ်လွယ်ကူကူ မသေပါဘူး' ဟု ပြေပြသည်။

'ဩော်... ဟုတ်လား၊ မေမေ နေမကောင်းပေမယ့် မသေဘူးလား' ဟု ဂမ်းသာအားရ မေးတော့ မေမေက 'မသေပါဘူးအေ' တဲ့။ ဟုတ်ပါရဲ့နော်၊ မေမေ ပြောသလို 'မသေပါဘူးအေ' ဆိုတာ လူတိုင်းအတွက် မဟုတ်ရင်တောင် နှင်းဆွတ်အတွက်ဖြစ်ရင် သိပ်ကောင်းမှာ။ နှင်းဆွတ် လောဘမကြီးပါဘူး

မေမေရယ်။ နှင်းဆွတ်အတွက် မေမေ တစ်ယောက်တည်းပါ။ ဒါပေမဲ့ နှင်းဆွတ် ဆုတောင်း မပြည့်ခဲ့ပါ။ မေမေ့ကို နှင်းဆွတ် ထာဝရ လွမ်းတနေခဲ့ရလေပြီ။

နှင်းဆွတ်အတွက်ကတော့ ဘာဆို ဘာမှ ယုံနိုင်စရာ မရှိ။ ခဏလေးပါပဲ။ တကယ်ဆို ခဏလေးမှ ခဏလေး။ နံနက်စောစော နှင်းဆွတ်က မျက်နှာသစ်နေဆဲ။ 'ဝုန်း' ဆိုသော အသံကို ကြားလို့ ပြေးကြည့်စဉ်မှာ မေမေက ခွေခွေလေးလဲ့လို့နေပြီ။ နှင်းဆွတ် ဘာလုပ်လို့ လုပ်ရမှန်း မသိ။ 'လာကြပါအုန်း၊ မေမေ လဲသွားလို့' အသံကုန်အော်ပြီး မေမေ့နားကို ပြေးသွားပွေ့ထူသောအခါ မေမေက နှင်းဆွတ်ရင်ခွင်ထဲမှာ အသက်မရှိတော့။ ကိုကိုတို့ အိမ်ဘက်က နှင်းဆွတ်အသံကြား၍ ကိုကို့မေမေ ကြီးကြီးမြတို့ ပြေးလာကြပေမယ့် 'တင်တင် ... တင်လေး ... တင်လေး' ဘယ်လိုပင် ခေါ်သော်လည်း မေမေက ပြန်မထူးနိုင်တော့ပေ။

အဝေးမှာ တာဝန်ကျနေသော ဖေဖေက ညနေမှ ရောက်လာသည်။ နှင်းဆွတ်တစ်ယောက်တည်း ကြုံတွေ့လိုက်ရသော ဒုက္ခကို ဖေဖေ့အား ပြန်မပြောနိုင်။ ငိုလို့လည်း ငိုနေမှန်း ကိုယ့်ကိုယ်ကိုယ် မသိ။ ထိုနေ့ ထိုရက်များကို လည်ပြန်မလှည့်ချင်တော့။ လူတစ်ယောက်ကို လွမ်းရင် ဘာလုပ်ရမလဲ။ မေမေ မရှိတော့သည့်အချိန်မှာ နှင်းဆွတ် သိချင်ဆုံး မေးခွန်းက 'မေမေ့ကို မလွမ်းအောင် ဘယ်လိုနေရမလဲ'။ 'မေမေ့ကို လွမ်းရင် ဘာလုပ်ရမလဲ' ဟူသော မေးခွန်း ဖြစ်သည်။ ထိုမေးခွန်းကို နှင်းဆွတ်က ရှိုက်ကြီးတငင် မျက်ရည်များ တွေတွေကျလျက် ဖေဖေ့ကို မေးခဲ့တာ ဖြစ်သည်။

ဖေဖေကလည်း မျက်စိမျက်နှာ မကောင်း။ အကြာကြီး တွေဝေငေးမောလျက်။ ဖေဖေ့ မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းနေခဲ့သည်။ နှင်းဆွတ်က မချိတင်ကဲ ခံစားရသမျှ ပြေရာပြေကြောင်း ဖေဖေ့ကို စစ်ကူတောင်းပါမှ ဖေဖေက နှင်းဆွတ်ထက်တောင် ပိုလို့ခံစားနေပုံဖြင့် အသံတို့က တိုးတိမ်နေသည်။ ယောကျ်ားတစ်ယောက် ဖြစ်သော်လည်း ဖေဖေ့ကိုမြင်ရတာ

နှင်းဆွတ်အတွက် ပို၍ ကြေကွဲစရာ ကောင်းနေသည်။ နောက်ဆုံးမှာတော့ ဖေဖေက လေသံ တိုးတိုးလေးနှင့် ဖြေသည်။ 'သမီးရယ် မေမေ့လိုမျိုး အရည်အချင်းရှိရှိ တော်တဲ့ ထက်တဲ့ ရဲရင့်တဲ့ ဆရာမကြီး ဖြစ်အောင် လုပ်ရမှာပေါ့၊ ဒုတိယ ဒေါ်တင်တင်လေးပေါ့။ မေမေ့ ကိုယ်ပွားစစ်စစ်ဖြစ်အောင် ကြိုးစားရမယ်။ ဒါမှ မေမေက မြင့်မြတ်တဲ့ ဘုံဘဝကနေ သမီးလေးကို လှမ်းပြီး ကြည့်နေရင် စိတ်အေးချမ်းသာ ရှိမှာပေါ့ သမီးရယ်။ သမီး မေမေ့ကို စိတ်အေးချမ်းသာဖြစ်အောင် လုပ်ပေးနိုင်တာ သမီးတစ်ယောက်ပဲ ရှိတယ်လေ' တဲ့။ ဖေဖေထံမှ ကြားဖူးသမျှ စကားထဲမှာ အလေးနက်ဆုံး၊ ခံစားမှု အပါဆုံးနှင့် လှိုက်လှဲဆုံး စကားများ ဖြစ်သည်ဟု နှင်းဆွတ် ခံစားလက်ခံခဲ့သည်။ ဘွဲ့ရ မူလတန်းပြ ဆရာမလေး ဖြစ်နေသော နှင်းဆွတ်၏ အရွယ်နှင့် ဖေဖေရင်တွင်း စကားများက နှင်းဆွတ်အတွက် တန်ဖိုးမဖြတ်နိုင်အောင်ပင် လမ်းပြတန်ဆောင်ဖြစ်ခဲ့သည်။

နှင်းဆွတ် အလွန် ချစ်မြတ်နိုးသော ဇာတိမြို့ကလေးကို စွန့်ခွာကာ ရေဝေးမြေခြားမှာ မေမေ့ခြေရာ နင်းနေဖြစ်တာကတော့ ဖေဖေ့ အားပေးဆုံးမစကားကြောင့် သီးသန့်ကြီး မဟုတ်ပေမယ့် ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် ဖေဖေ့ကြောင့်တော့ ဖေဖေ့ကြောင့်ပင်။ ဒုတိယအလွှမ်းက ဖေဖေ။

ဖေဖေ့ကိုတော့ ခံစားချက်တစ်ခုခုနှင့် ယှဉ်ပြီး မှတ်မှတ်ရရ ဖြစ်နေမိတာထက် မေမေ့စကားနှင့်တွဲကာ တစ်သက်တာလုံးအတွက် မှတ်မိနေတာ ဖြစ်သည်။ မေမေက နှင်းဆွတ် နားလည်တတ်ခါစ အရွယ်တုန်းကတည်းက စိတ်ထဲမှာ စွဲမှတ်ထားရမည့် အသိတစ်ခုကို ပြောပြထားသည်။ 'ဖေဖေ ဆိုတာ အိမ်တစ်အိမ်မှာ ဒုတိယဘုရားပဲ' တဲ့။ မွေးကတည်းက အတူနေရချိန် အလွန်နည်းသော ဖေဖေ့ကို နှင်းဆွတ်က ခပ်စိမ်းစိမ်းဖြစ်လျှင် မေမေ မကြိုက်တတ်။ မေမေကိုယ်တိုင်က ဖေဖေ့ကို အရေးထား လေးစားသည်။ နှင်းဆွတ်ငယ်ငယ်က နည်းနည်းတော့ ဆိုးသည်ဟု ပြောရမလိုပင်။ မေမေကလွဲလျှင် ဘယ်သူ့ကိုမှ နှစ်နှစ်သက်သက် မရှိလှ။ ထို အကြောင်းကို မေမေကလည်း သတိထားမိသည်။

မေမေ မချီလျှင် အငိုမတိတ်တတ်သော နှင်းဆွတ်က ဖေဖေ ချီတိုင်းလည်း လိုက်လေ့မရှိတာ ဘာ့ကြောင့်မှန်းလည်း ကိုယ့်ကိုယ်ကိုယ်ပင် ခုထိ မသိ။ မေမေက ဖေဖေ့ကို နှင်းဆွတ် စိမ်းစိမ်းနေလျှင် အလိုလိုများ အားနာနေသလား မပြောတတ်။ ‘ဖေဖေနဲ့ မေမေ ဘယ်သူ့ကို ပိုချစ်လဲ’ ဟု ဧည့်သည်များက မေးလျှင် နှင်းဆွတ်က နှုတ်နှင့် ဘယ်တော့မှ မဖြေ၊ မေမေ့ကို မျက်လုံးဖြင့် လှမ်းကြည့်ပြမြဲ။ ထိုအခါ မေမေက ‘သမီးလေးက၊ နှင်းဆွတ်လေးက ဖေချစ်လေးနော်’ ဟု ပျာပျာသလဲ ပြောစမြဲ။ နှင်းဆွတ်က ခေါင်းကိုခါပြမိလျှင် ထိုခေါင်းကို တင်းနေအောင် ဆွဲကိုင်ထားလေသေးရဲ့။

နှင်းဆွတ် အထင်အရ ဆိုလျှင် မေမေက ဖေဖေ့ကို ခင်ပွန်းတစ်ယောက်လို တရင်းတနှီး ကန့်ကလျ ဆက်ဆံတာမျိုး မဟုတ်၊ အစ်ကိုတစ်ယောက်ကို ဆက်ဆံသလို အားကိုးတာမျိုးလည်း မဟုတ်၊ အထက်အရာရှိတစ်ယောက်ကို ရိုသေသလိုမျိုး ဖြစ်နေသည်။ ထိုအကြောင်းကို နှင်းဆွတ် ဘွဲ့တွေ ဘာတွေ ရပြီး မေမေနှင့် သူငယ်ချင်းလို ပြောဖြစ်သောအခါတွင် ဆွေးနွေးဘူးသည်။

မေမေကတော့ အေးအေးဆေးဆေး ရယ်လျှက် ‘ဝေါ် ... သမီးကလည်း သူနဲ့က သူငယ်ချင်းတွေမှ မဟုတ်ခဲ့တာ’ ဟု ပြန်ပြောသည်။

ထိုအခါ နှင်းဆွတ်က ငြိမ်ငြိမ်မနေ။ မေးခွန်းတစ်ခု ထပ်၍ မေးပြန်သည်။ ‘ မေမေ့မှာ ယောကျ်ားလေး သူငယ်ချင်းရော ရှိလို့လား’ ဆိုတော့ ပြုံးလျက် ‘သူငယ်ချင်းတွေ အများကြီး ရှိတာပေါ့’ ဟု ဖြေသည်။

‘မေမေက လှလည်း လှတယ်၊ ယဉ်လည်း ယဉ်တယ်။ မေမေ့ကို ယောကျ်ားလေး သူငယ်ချင်းတွေက ဝိုင်းမကြိုက်ကြဘူးလား’ ဟု တစ်ဆင့်ချင်းဆက်မေးပြန်တော့ မေမေက ရယ်လျက် ‘ကြိုက်ချင်လည်း ကြိုက်မှာပေါ့အေ၊ သိပါဘူး’ ဟု မသေမချာ ဖြေသည်။

မေမေ့ငယ်ဘဝကို နှင်းဆွတ် အလွန်ပင် စိတ်ဝင်စားခဲ့သည်။ မေမေတို့မှာ ညီအစ်မအရင်း နှစ်ယောက် ရှိခဲ့သည်။ ဒေါ်ဒေါ်ကြီး ခင်ခင်လေးက အကြီးဖြစ်ပြီး မေမေက အငယ် ဖြစ်သည်။ ဒေါ်ဒေါ်ကြီးက အကြီးပီပီ သွက်သွက်လက်လက် ဖျက်ဖျက်လတ်လတ် ထွားထွားကျိုင်းကျိုင်းဖြစ်ပြီး ပညာရေးကို စိတ်မဝင်စားသူ ဖြစ်သည်။ ငယ်စဉ်ကတည်းက မိဘများနှင့်အတူ မိရိုးဖလာ ခြံလုပ်ငန်းကို ဦးဆောင်ခဲ့သူလည်း ဖြစ်သည်။ မေမေကတော့ ဒေါ်ဒေါ်ကြီးလို မဟုတ်။ အရပ်ကလေးက ပုပု၊ အရိုးအဆစ်သေးသေး၊ အသားညိုညက်ညက်ကလေးနှင့် သိမ်မွေ့နူးညံ့လှသည်ဟု ဆိုသည်။ မေမေ ငယ်ငယ်က လူကလေးနှင့် မလိုက်အောင် ဖွံ့ကြီးပြီး အေးအေးလေး နေကာ စာကျက်ရတာ ၊ စာဖတ်နေရတာ ကိုပဲ ကြိုက်တတ်သောကြောင့် စာမေးပွဲတွေမှာ အမြဲ ပထမ ရခဲ့သည်။ မေမေ၏ မိဘများကတော့ သင်တောင်းကြီးရွာ၏ မျက်နှာဖုံးများဖြစ်ပြီး စီးပွားရေးလည်း ကောင်းသောကြောင့် မေမေတို့ ညီအစ်မက ငယ်ငယ်လေးကတည်းက နာမည်ကြီး။ မေမေတို့ မိသားစုတွေ မြို့ကလေးဆီကို တက်လာကြပေမယ့် ရွာကို အမြဲဆက်သွယ်ကာ သာရေးနာရေး လူမှုရေးများ မလစ်ဟင်းကြသောကြောင့် ရွာချစ် မြို့ချစ်တွေ ဖြစ်ခဲ့ကြသည်။ ထိုအချိန်မှာ ဖေဖေကလည်း မြို့သူမြို့သားများ စိတ်ဝင်စားသော ဆောက်လုပ်ရေး အင်ဂျင်နီယာ အရာရှိငယ်။ နှင်းဆွတ်က လူကြီးတွေ စနောက်လေ့ရှိသော စကားများကို နားစွန်နားဖျား ကြားဖူးသည်နှင့် ‘နာမည်ကြီး နှစ်ယောက် တွေ့ကြလေသတည်းပေါ့’ ဟု ပြောမိသေးသည်။ ထိုအခါ ငြိမ်ငြိမ်နေသူက မေမေ ဖြစ်သည်။ မေမေနှင့် ဖေဖေအကြောင်းကို မေမေက ဘယ်သောအခါကမှ ပြောမပြခဲ့။ နှင်းဆွတ်ကလည်း မေမေ့ကို ဖေဖေနှင့် ပတ်သက်၍ မေးခွန်း အမျိုးမျိုးကို မရိုးနိုင်အောင် မေးလို့မဆုံး။

နှင်းဆွတ်က ‘မေမေ၊ ဖေဖေ့ကို ချစ်လားဟင်’ ဟု မေးခဲ့ဘူးပေမယ့် မေမေက ထိုမေးခွန်းကို မဖြေခဲ့။ လုံးဝ ဖြေမသွားခဲ့။ မေမေက ဖေဖေ့အပေါ်မှာ တာဝန်ကျေလွန်းသော မိန်းမ ဖြစ်သည်ဟု နှင်းဆွတ် ခဏတိုင်း တွေးမိသည်။

တွေးမိတိုင်းလည်း စိတ်မကောင်း။ ဘယ်သူ့ကို မကျေနပ်ရမှန်း မသိအောင်ပင် နှင်းဆွတ်ကို မေမေ သွန်သင်လမ်းပြခဲ့သည်။

ဖေဖေ့ကိုလည်း နှင်းဆွတ် ချစ်ပါသည်။ ဖေဖေ၏ အလွန်ချောမောလှပသော၊ စတိုင်ကျသော၊ ခေတ်မီသော ဟန်ပန်အမူအရာများနှင့် လူတောထဲမှာ အမြဲ ထင်းနေခြင်းကိုက နှင်းဆွတ်အတွက် ဂုဏ်ယူစရာ၊ ခေါင်းမော့စရာ မဟုတ်လား။ နှင်းဆွတ်တို့ မြို့လေးမှာ ဖေဖေ့လို အရာရှိတစ်ယောက်၏ တစ်ဦးတည်းသမီး ဖြစ်ခွင့်ရသည်ကလည်း အများသူငါ အားကျစရာ။

ကိုယ်ပိုင်ကား မဟုတ်သော်လည်း ဖေဖေ့အဆင့်နှင့် ရသောကားကို ဖေဖေက ကိုယ်တိုင်မောင်း၍ နှင်းဆွတ်ကို ကျောင်းပို့ပေးလေ့ရှိသည်။ ဖေဖေနှင့်အတူ ကျောင်းသွားရတာ လုံလုံခြုံခြုံ နွေးနွေးထွေးထွေး။ နှင်းဆွတ် ကျောင်းပျော်ခဲ့တာ ဖေဖေ့ကြောင့်ဆိုလည်း မမှားနိုင်။ မှတ်မှတ်ရရ မေမေနှင့်၊ ဖေဖေနှင့်၊ ကားနှင့် အတူတူကျောင်းသွားလိုသော ငယ်ဆန္ဒလေးတစ်ခုကတော့ မပြည့်ဝခဲ့။

မေမေ၏ ကျောင်းက နှင်းဆွတ်တို့အိမ်နှင့် နီးနီးလေး။ မေမေက ကျောင်းကို အမြဲ လမ်းလျှောက်သွားလေ့ရှိသည်။ ‘ဒီလိုသွားမှ လမ်းလျှောက်ဖြစ်တာ။ အညောင်းလည်း ပြေတယ်။ လမ်းမှာတွေ့တဲ့ ကလေးတွေကိုလည်း ကြည့်ရှုခေါ်သွားလို့လည်း ရတာ ပေါ့’ ဟု မေမေက ဆိုကာ မိုးသည်းသည်းရွာတောင် ထီးဆောင်း၍ လမ်းလျှောက်သောမေမေ ဖြစ်သည်။ နှင်းဆွတ် ဘဝတစ်လျှောက်လုံးမှာ ဖေဖေနှင့် မေမေ ယှဉ်တွဲလျက် တွေ့ရခဲ့သည်ကို နောက်အကျကြီးကျမှ သတိထားမိသည့်အတွက် နောင်တရချင်သလိုလိုဖြစ်ပြီး ‘ဘာကြောင့် ဒီလိုတွေ ဖြစ်နေရတာ လဲ’ ဟု စာမေးပွဲမေးခွန်းတစ်ခုကို အဖြေရှာသလို ရှာဖွေတူးဆွချင်မိပြန်သည်။

မသေချာ မရေရာမှုများက နှင်းဆွတ်ကို မေမေနှင့် ဖေဖေတွက်

အတွေးများ တိုးပွားစေတော့သည်။ ဖေဖေက နူးညံ့သိမ်မွေ့သူ တစ်ယောက်ဖြစ်ပြီး မေမေ့ကို ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင် ရှိတော့ ရှိပါတယ်လေဟု နှင်းဆွတ် တွေးခဲ့ဖူးပါသည်။ ခန့်ညားသော ရုပ်သွင်ရှိရုံဖြင့် အိမ်ဦးနတ်ကို ယုံရပြီလား။ စီးပွားရှာ ကောင်းရုံဖြင့် အိမ်ဦးနတ်ကို ယုံရပြီလား။ ချစ်ခင်စွာ ယုယရုံမျှဖြင့် အိမ်ဦးနတ်ကို ယုံပြီလား။ အဝေးတစ်နေရာမှ ငွေကြေးလစာမှန်မှန်ကို ပို့ပေးနေရုံမျှဖြင့် အိမ်ဦးနတ်ကို ယုံရပြီလား။ အိမ်ရှင်မက ချောလှ သိမ်မွေ့ ပညာတတ် ထက်ထက်မြက်မြက် ဖြစ်သော်လည်း ဘာမာန်မှ မဝင့်။ လင်ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ရိုရိုသေသေ ကိုးကွယ်။ လေးလေးစားစား တန်ဖိုးထား၊ ထိုအရာများသည် အိမ်ထောင်တစ်ခုအတွက် ထိုမျှနှင့် မလုံလောက်ကြောင်းကိုမူ မေမေ မရှိသောအခါမှ သိခွင့်ရတော့သည်။ ထိုနေ့က ဘဂကြီးတစ်ခုလုံး ချာချာလည် ဆောက်တည်ရာမရ ဖြစ်သွားခဲ့ရတာ ၊ ဖေဖေ ကိုယ်တိုင်သာ မပြောခဲ့လျှင် ဘယ်လိုမှ မယုံနိုင်။

ဩော် ... ဖေဖေရယ် ...။

*

## အခန်း ( ၃ )

ထိုနေ့က မိုးစိမ့်စိမ့် ရွာနေသည်။ မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်ကတည်းက မေမေ့ကို ချက်ချင်း လွမ်းတလျက် ရှေ့ဆက်ရမည့် နေ့ရက်ပေါင်းများစွာ၊ ညပေါင်းများစွာမှာ မေမေ မပါပဲ ဘယ်လိုများ ခရီးဆက်ရပါ့ဟု အိပ်ယာထဲမှ ချက်ချင်း မထနိုင်သေးဘဲ တွေဝေသည့် အလွမ်းနံနက်ကို နိဒါန်းပျိုးရသည်။

ဖေဖေ၏ အလုပ်ရှိရာ ရှမ်းပြည်နယ်ကို ဖေဖေက ဖွတ်ခေါ်နေမှာလား။ ဖေဖေ့အတွက် နှစ်ရှည်လများ နေနေသည့် သူ့လုပ်ငန်းခွင်ကိုတော့ ချက်ချင်းကြီး အပြောင်းအလဲ လုပ်မည် မထင်။ အလုပ်လျှောက်ထားတာလည်း ဘယ်လိုမှန်း မသိ။ နှင်းဆွတ်အတွက် မသိခြင်းများစွာက စိုးမိုးနေသည်။ ဖေဖေနှင့် အတူ လိုက်ပါသွားရမယ် ဆိုသော်လည်း နှင်းဆွတ် ပျော်နိုင်စရာ အကြောင်း မရှိ။ မေမေ မပါတော့ နှင်းဆွတ် ရောက်ချင်သော နေရာကို ရောက်ရတော့မှာ...။ ထိုသို့သော အဖြစ်အပျက်မျိုးကို ကြုံလာရလိမ့်မည်ဟု ဘယ်သောအခါကမှ မစဉ်းစားဖူးခဲ့။

မေမေ့ကိစ္စအတွက် ဒေါ်ဒေါ်ကြီးက အလျှင်ဦးဆုံး ရောက်လာခဲ့ပြီး နှင်းဆွတ်နားမှာ အတူနေပေးပေမယ့် ဒေါ်ဒေါ်ကြီးကလည်း နှင်းဆွတ်နှင့်အတူ အစဉ်အမြဲတော့ နေပေးနိုင်မည် မဟုတ်။ ဒါဆို ဖေဖေနှင့်အတူ နေရတော့မှာလား။ ဖေဖေ့ အလုပ်ရှိရာနောက်ကို လိုက်သွားရမည် ဆိုလျှင်တော့ နှင်းဆွတ်အတွက် ဆန်းသစ်သော အတွေ့အကြုံများကို တွေ့ရတော့မည်။ နေရာသစ် အတွေ့အကြုံသစ်များကို နှစ်သက်လေ့ရှိသော နှင်းဆွတ်က ဖေဖေ့ကို အနီးကပ်

ပြုစုခွင့်ရမှာမို့ စိတ်ကြည်နူးမိပေမယ့် မေမေ့ကို ဘယ်တုန်းကမှ မမီခဲ့သော အရည်အချင်းများအတွက် ရင်ဖိုလှိုက်မောတော့ အဖြစ်သား။ ဖေဖေက နှင်းဆွတ် အကောင်းဆုံးကြိုးစားထားသော လက်ရာများကို 'ဂွတ်ပါတယ်၊ မေမေ့ကိုတော့ မမီ' ဟု အမြဲ ရယ်လျက် တစ်ထစ်ချန်၍ သာ ချီးကျူးလေ့ရှိတာ။ ထိုအခါ မေမေက မသိချင်ယောင်ဆောင်ကာ ငြိမ်ငြိမ်လေး နေနေပြန်တော့ 'ဟေး မေမေ ရှက်နေပြီ' ဟု နှင်းဆွတ်က စခဲ့ နောက်ခဲ့ရသေးသည်။

ဖေဖေ ခွင့်ရတိုင်း ပြန်လာတတ်ပေမယ့် ဖေဖေ၏ အလုပ်ရှိရာကိုတော့ နှင်းဆွတ် တစ်ခါမှ လိုက်မလည်ခဲ့ဘူးပေ။ နှင်းဆွတ်က ခရီးသွားရတာ ကို အလွန်ကြိုက်သည်။ မေမေနှင့်သာ သွားလေ့ရှိပြီး ဖေဖေ မပါသဖြင့် ဖေဖေ့ကို လွမ်းရသော ခရီးများသာ။ အတန်းထဲမှာ ပထမရ၍ 'ကြိုက်တဲ့ ဆုတစ်ဆု တောင်း' ဟု မေမေကဆိုလျှင် 'ဖေဖေ့ဆီကို လိုက်ပို့' ဟု ပူဆာခဲ့ဘူးသည်။

'ဒီတစ်ခါ နွေကျောင်းပိတ်ရင် ဖေဖေ့ဆီကို နှင်းဆွတ်တို့ အလည်လိုက်သွားရအောင် မေမေရယ်' ဟု စကားစလိုက်တိုင်း အချိန်ဝေးသေးလျှင် 'အေးအေး သွားကြတာပေ့ါ' ဟု ပြောလေ့ရှိပေမယ့် တကယ်ကျောင်းပိတ်ပြီဆိုလျှင်တော့ မေမေ့မှာ အားရက်မရှိတော့။ 'နောက်နှစ် ... နောက်နှစ်... သွားတာပေ့ါ သမီးရယ်' ဟု အချိန်ကို ရွှေ့ပစ်ပြန်သည်။

မေမေ့ကြောင့် မလိုက်ခဲ့ရသော ဖေဖေ့လုပ်ငန်းရှိရာကို နှင်းဆွတ်လိုက်ရပေတော့မည်။ မေမေ မပါပဲ သွားရမည့် ပထမဆုံး ခရီး။ နှင်းဆွတ်အတွက် ဘာပဲတွေးတွေး နောက်ဆုံးမှာတော့ မေမေနှင့်သာ အဆုံးသတ်ရသည်။

'မေမေရယ်၊ နှင်းဆွတ်ရဲ့ စိတ်ကို သိမ်းပိုက်နိုင်စွမ်း ရှိလိုက်တာ'။ 'မေမေ့ကို ချစ်ရင်၊ မေမေ့ကို လွမ်းရင်၊ မေမေ့လို အရည်အချင်း ရှိအောင် လုပ်ရမယ်' တဲ့။ ဖေဖေ ပြောသလိုပါပဲလေ။ နှင်းဆွတ် ဘယ်လိုပင် တမ်းတနေပေမယ့် မေမေက နှင်းဆွတ်တို့ သားအဖဆီကို ဘယ်လိုနည်းနဲ့မှ ပြန်လာမှာ မဟုတ်တော့။

‘မေမေ မရှိပေမယ့် ဖေဖေ ရှိသေးတာပဲ’ ဟူသော အတွေးက နှင်းဆွတ်ကို အပူထဲမှ ရုန်းထွက်ရန် လမ်းတစ်စ ဖြစ်ခဲ့ရသည်။

နံနက်စောစော ဖေဖေ့အတွက် မေမေ လုပ်ပေးနေကျ ပုံစံလေးအတိုင်း အိမ်မှာပင် နန်းကြီးသုပ်လေး ကျကျနန သုပ်ကျွေးရန် စီစဉ်ပြန်တော့ ‘မေမေရေ၊ ဘယ်ဆီများရောက်နေလဲ၊ နှင်းဆွတ် နန်းကြီးမုန့်တီ လုပ်ထားတယ်’ ဟု စိတ်ထဲမှ တွေးမိလျှင် အလိုလို ဝမ်းနည်းလာကာ မျက်ရည်အသွယ်သွယ်က ဘယ်လို စီးကျလာမှန်း မသိ။ မျက်ရည်မဆည်နိုင်သော နေ့ရက်များမှ ဖေဖေက နှင်းဆွတ်ကို တုံ့ဆိုင်းတုံ့ဆိုင်းနှင့် သက်ပြင်းသက်မကြီး ချကာ ချကာဖြင့် ‘စကားပြောရအောင် သမီး’ တဲ့။

ဖေဖေက ထိုင်နေကျ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်လို့။ နှင်းဆွတ်က ဖေဖေ့ကုလားထိုင် လက်တန်းလေးပေါ်မှာ မေးတင်လို့။ နှင်းဆွတ် ငေးမိငေးရာ ငေးပြီး ဖေဖေ့စကားကို နားထောင်ဖို့ စောင့်နေသည်။ ဖေဖေ့ အသံက တော်တော်နှင့် ထွက်မလာ။ ဖေဖေ့မျက်နှာကို မော့ကြည့်တော့ မျက်စိစုံမှိတ်ပြီး ငြိမ်နေပြန်သည်။

‘ဖေဖေ့ သမီးက ဆရာမကြီးလည်း ဖြစ်တော့မယ်။ စာတွေလည်း အများကြီး ဖတ်ထားတဲ့ သူဆိုတော့ ခု ဖေဖေ ပြောမယ့်စကားကို သဘောပေါက်လွယ်မှာပါ။ နောက်ပြီး ဖေဖေ့ကိုလည်း နားလည်ပေးလိမ့်မယ်လို့ ဖေဖေ ယုံတယ်။ ပြောရမှာတော့ မကောင်းဘူး သမီးရယ်၊ ဒါပေမယ့် ပြောမှဖြစ်မှာမို့ ဖေဖေ ပြောရမှာပါ။ အထူးသဖြင့် ဒီလိုအချိန်မျိုးမှာ ငါ့သမီးကို ဖေဖေ မပြောရက်ဘူး’

ဖေဖေက မျက်လုံးမဖွင့်ပဲ တိုးတိမ်သောအသံဖြင့် ဖြည်းဖြည်းချင်း ပြောနေလေ နှင်းဆွတ်၏ ရင်ခုန်သံက ပြန်လေ။ မပြောရက်ဘူးဆိုကတည်းက နှင်းဆွတ်အတွက် သတင်းကောင်း မဟုတ်နိုင်ဘူး ဆိုတာနှင့်ပင် ကြားရန်လည်း မဝံ့ရဲ။

'သမီးကို ဖေဖေ ခေါ်သွားချင်တယ်၊ ခေါ်သွားလို့လည်း ရတယ်၊ သမီးကို မျက်နှာမငယ်ရအောင်၊ သမီး စိတ်တိုင်းကျအောင်လည်း ထားပါ့မယ်လို့ ဖေဖေ ကတိပေးနိုင်တယ်'

ဖေဖေက တုံ့ဆိုင်း တုံ့ဆိုင်းပြောပြန်သည်။ ဖေဖေ့ဟန်ပန်က မတည်မငြိမ်၊ ဖေဖေ့အသံက လိုအပ်သည်ထက် ပို၍ တိုးတိမ်နေသည်။ ဖေဖေ့ကို နှင်းဆွတ် နားမလည်တော့။

'ဟင်… ဖေဖေကလည်း ဒါဆို ပြီးနေပြီလေ၊ ဘာလို့ မပြောရက်ရတာလဲ'

နှင်းဆွတ်က ဖေဖေ့ကို အံ့အံ့သြသြနှင့် မေးခွန်း မေးမိပြန်၏ ။ ပြီးပြီးချင်း ဖေဖေ နောက်အိမ်ထောင်များ ထူထောင်ချင်တာလားဟု အပြေးအလွှား စဉ်းစားလိုက်မိသေးပေမယ့်။ ဝိုး…မဖြစ်နိုင်တာ၊ မေမေ့မှာဖြင့် မြေကြီးထဲတောင် ပူအောင်မနေရသေးဘူး၊ မဖြစ်နိုင်ပါဘူးဟု ချက်ခြင်းပြန်တွေးရင်း ဖေဖေ့ စကားကိုသာ နားစွင့်နေမိပေမယ့် ဖေဖေ့ထံမှ ဘာသံမှ ထွက်မလာ။

'ဒီစာလေးနဲ့ ဘယ်အချိန်က ဖြစ်ခဲ့တယ် ဆိုတာတော့ မေမေ့စာပေါ်မှာ ရက်စွဲပါပါတယ် သမီးရယ်'

ဖေဖေ ဟောင်းနွမ်းနေသော စာတစ်စောင်ကို နှင်းဆွတ်လက်ထဲထည့်ပေးလိုက်သည်။ ဖေဖေ့လက်တွေက အေးစက်ပြီး တုန်ရီနေသည်။ သက်ပြင်းကို ပင်ပင်ပန်းပန်း ရှူရှိုက်နေရှာသည်။ နှင်းဆွတ် ဖေဖေ့ကို ကြည့်ပြီး ပင်ပန်းနေပေမယ့် လက်ထဲသို့ ရောက်လာသော စာကိုတော့ တော်တော်နှင့် ဖွင့်မကြည့်ရဲ။ စာအိတ်ကလေးထဲမှာ သပ်သပ်ရပ်ရပ် သိမ်းထားပေမယ့် စာက ကြာတော့ကြာခဲ့ပြီထင်ရဲ့။

ကိုကြီးရေ…

ကိုကြီးကိုယ်တိုင် ဖွင့်ပြောတာသာ မဟုတ်ခဲ့ရင် တင်လေး ဘယ်လိုမှ

မယုံနိုင်ပါဘူး။ ဒီလိုအဖြစ်နဲ့ ကြုံရလိမ့်မယ်လို့လည်း ဘယ်တုန်းကမှ ထင်မထားတဲ့အတွက်လည်း သိပ်ကို အံ့သြရပါတယ်။ တင်လေးအတွက် တစ်ဘဝစာ ကြေကွဲစရာကို ကိုကြီးက ဖန်တီးပေးလိုက်ပြီပဲ။ သိသိချင်း ဂမ်းနည်းချင်းများစွာနဲ့ ယူကျုံးမရ တသတသ ဖြစ်ရပေမယ့် ဖြည်းဖြည်းစဉ်းစားကြည့်လိုက်ပြန်တော့ တင်လေးရဲ့ ကုသိုလ်ကံ အကျိုးပေးကြောင့်၊ ဘဝ ဘဝက ဝဋ်ကြွေးကြောင့်လို့ မှတ်ပါတယ်။ ကိုကြီးရေ၊ တင်လေးက တခြားမိန်းမတွေလို ကျွန်မသာလျှင် တရားဝင် မယားကြီးပါ ဆိုပြီး ကိုကြီးကို ဒုက္ခပေးမယ့်မိန်းမတော့ မဟုတ်ပါဘူး။ ဒါဟာ ဘာကြောင့်ပဲဖြစ်ဖြစ် ကိုကြီးကို ရွေးချယ်လိုတဲ့ နောက်လမ်းတစ်သွယ်ပါပဲ။ ကိုကြီး စိတ်ရှင်းရှင်းနဲ့ ဆက်လျှောက်ပါ။ ကိုကြီးရဲ့ ရှေ့ခရီးမှာတော့ တင်လေးက ဘယ်လို အနေအထားနဲ့မှ ပါဝင်ပတ်သက်ဖို့ အကြောင်းမရှိတော့ပါဘူး။

ဒါပေမယ့် ကိုကြီးရေ၊ တင်လေး သိပ်ကို ချစ်မြတ်နိုးရတဲ့ သမီးလေး နှင်းဆွတ်အတွက်ကတော့ ဘယ်တုန်းကမှ မိဘမစုံတဲ့ မသီး ဖြစ်သွားလိမ့်မယ်လို့ မစဉ်းစားမိခဲ့သလို ကလေးလေး စိတ်ဒဏ်ရာနဲ့ ကြီးပြင်းရမှာကိုလည်း မတွေးရဲလောက်အောင် ကြောက်ရွံ့နေမိပါတယ်။ တင်လေးကို ထည့်မတွက်ချင်နေပါ ကိုကြီးရယ်၊ သမီးလေးကို ငဲ့ညာတဲ့အနေနဲ့ တစ်ခုတော့ လိုက်လျှောပေးစေချင်ပါတယ်။ ကိုကြီး အဆင်ပြေတဲ့ အချိန်တိုင်း နှင်းဆွတ်ကလေးကို လာတွေ့ပေးဖို့ပါ။ ကလေးက သိပ်ငယ်သေးတော့ လောကရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ခံနိုင်ရည် မရှိမှာ စိုးလို့ပါ။

တင်လေးကတော့ ဘယ်လိုနည်းနဲ့မှ ကလေးကို မသိရစေရပါဘူး။ သူ့မှာ အဖေရှိတယ်၊ အဝေးမှာ အလုပ်လုပ်နေတယ် ဆိုတာက သူ့စိတ်ရဲ့ ခွန်အားပါ။ ဒီအင်အားလေးနဲ့ ကြီးခွင့်ပြုစေချင်တယ်။ နောက်ထပ် အရေးကြီးဆုံးတစ်ချက်က အဖေအပေါ်မှာ နာကြည်းစိတ်နဲ့ ကျန်တဲ့ပတ်ဝန်းကျင်ကိုပါ နာကျင်သွားခဲ့ရင် သူ့ဘဝလေးမှာ အောင်မြင်သင့်သလောက် မအောင်မြင်မှာလည်း စိုးရိမ်လို့ပါ။ နောက်ဆုံးမှာတော့ အဖေကို မုန်းတဲ့ သမီး မဖြစ်စေချင်ဘူး။ သူ့အမှား မဟုတ်ပဲ

သူ့ကို ငရဲမကြီးစေချင်ဘူး ကိုကြီးရယ်။ ဘာမှ မသိပဲ သူ ပျော်နိုင်သလောက် ပျော်ပါစေ။

ကိုကြီးရေ၊ တင်လေးတို့ ဘယ်လောက်ပဲ ဖုံးကွယ်ထားကြပေမယ့် ဘယ်အရာမှ ဆိတ်ကွယ်ရာ ဆိုတာ မရှိစကောင်းပါဘူး။ တစ်နေ့နေ့မှာတော့ သမီးလေး သိသွားမှာပါ။ အဲ့ဒီနေ့မှာ သမီးကို အကောင်းဆုံး ဖြေသိမ့်ပေးနိုင်ဖို့ တင်လေး မျှော်လင့်နေပ့ါမယ်။ ဒီနေ့ ဒီအချိန်ကစပြီး တင်လေးအတွက်ကတော့ဖြင့် ကိုကြီးကို ဘာဆို ဘာမှ ပတ်သက်စရာ မလိုတော့ပါဘူး။ သမီးကိုလည်း တင်လေး အစစ အရာရာ ပြည့်စုံအောင် စောင့်ရှောက်ပ့ါမယ်။ ကိုကြီးရဲ့ မိသားစုအသစ်အတွက်သာ စိတ်ရှင်းရှင်းနဲ့ ဆက်ပြီးရှင်သန်ပါ။ တင်တင်လေး ဆိုတာ တစ်ချိန်က ကိုကြီးရဲ့ ဇနီးဖြစ်ခဲ့ပေမယ့် ခုချိန်ကစပြီး အရာအားလုံးကို ဖျက်သိမ်းလိုက်ပါပြီ...။

စာကိုဖတ်ရင် ဘယ်လို ဆုံးသွားမှန်း မသိ။

'မေမေ...မေမေ...မေမေရေ' လို့ တ၍ တ၍ သာ ငိုရတော့သည်။ နှင်းဆွတ် ရင်ထဲမှာ နာကျင်လို့ မဆုံး။ ဖေဖေ၏ ငြိမ်နေပုံက အသက်ပင် မရှိတော့သလို။ ဒေါ်ဒေါ်ကြီးက နှင်းဆွတ် ငိုသံကြား၍ အိမ်နောက်ဖေးမှာ အလုပ်လုပ်နေရင်းက သုတ်သီးသုတ်ပျာ ပြေးထွက်လာသည်။

'သမီးကလည်း၊ ဖေဖေ စိတ်မကောင်းအောင် ဒီလိုကြီး မငိုရဘူးလေ' ဟု နှစ်သိမ့်သည်။

ဒေါ်ဒေါ်ကြီးကလည်း နှစ်သာနှစ်သိမ့်ရသော်လည်း နှင်းဆွတ် ငိုသည်မှာ အမေကို လွမ်း၍ ဟုသာ ထင်နေပုံရသည်။ နှင်းဆွတ် ဒေါ်ဒေါ်ကြီးက အတင်း ဆွဲထူကာ နှင်းဆွတ်၏ အခန်းထဲသို့ ခေါ်ခဲ့သောကြောင့် ဖေဖေရော နှင်းဆွတ်ပါ ထွက်ပေါက်ရသွားခဲ့သည်။ နှင်းဆွတ်အတွက်လည်း ဖေဖေ့နှင့် ပတ်သက်၍ မေမေ့စိတ်မျိုးနှင့် မေမေ့သမီး ပီသအောင် ဘယ်လိုများ နေရပ့ါမလဲ။

နှင်းဆွတ်အတွက် ဒုတိယအလွမ်းက ဖေဖေ ဖြစ်မှန်းမသိ ဖြစ်ခဲ့ရတော့သည်။ မေမေက ဖေဖေ့ကို မုန်းမှာ စိုးသတဲ့။ မုန်းလို့ရမလား မေမေရယ်။ လောကကြီးမှာ အမျိုးအရင်းကြီး ဆိုလို့ ဒီအဖေနဲ့ ဒီသမီးပဲ ရှိတော့တာ။ မေမေ သင်ပေးထားတဲ့အတိုင်း ဖေဖေက နှင်းဆွတ်တို့ရဲ့ ဒုတိယဘုရားဆို။ ဘာပဲဖြစ်ဖြစ် နှင်းဆွတ် ဖေဖေ့ကို မမုန်းနိုင်ပါ။ ဘယ်တော့မှလည်း မုန်းမည် မဟုတ်ပါ။ ဒါပေမယ့် မေမေရေ၊ ဒီအဖေရဲ့ သမီးဟာ ဒီအဖေရဲ့ မိသားစုဝင် မဟုတ်နိုင်တာကတော့ လုံးဝ သေချာလို့နေပါပြီ။

မေမေ၊ နှင်းဆွတ်ကို ခွင့်လွှတ်ပါ။ ဖေဖေက နှင်းဆွတ်ကို ဖေဖေနဲ့အတူ လိုက်နေဖို့ အာမခံချက်တွေ အများကြီး ပေးပြီး ခေါ်နေပါရဲ့။ နှင်းဆွတ် မလိုက်ပါရစေနဲ့ မေမေရယ်။ နှင်းဆွတ် ရှုံးရပါလိမ့်မယ်။ မေမေ မဟုတ်တဲ့ မိန်းမတစ်ယောက်နဲ့ နှင်းဆွတ် ချစ်တဲ့ဖေဖေ တရင်းတနှီး နေနေတာကို နှင်းဆွတ် စဉ်းတောင် မစဉ်းစားခဲ့တာပါ။ မေမေရယ်၊ အဲဒီ မိန်းမနဲ့ သူ့ကလေးတွေနဲ့ နှင်းဆွတ်နဲ့ တစ်အိမ်တည်းတစ်မိုးအောက်မှာ အတူတူနေရမှာတဲ့၊ မေမေ၊ နှင်းဆွတ် ဘယ်လိုနေရမှာလဲ။

ထိုရက်ပိုင်းများက ဖေဖေကို နှင်းဆွတ် မသိမသာ ရှောင်နေခဲ့သည်။ ဖေဖေကလည်း နှင်းဆွတ်ကို မသိမသာ လွှတ်ထားသည့်ပုံပင်။ နှင်းဆွတ် လက်ထဲမှာတော့ မေမေက ဖေဖေ့ကို နောက်ဆုံး အဆုံးသတ်ရေးထားသည့် စာကလေးကို ဆုပ်ကိုင်ထားသည်။ စာထဲမှာ မေမေ့ အငွေ့အသက်၊ မေမေ့ ခံစားချက်၊ မေမေ့ ဆုံးဖြတ်ချက်၊ မေမေ့သတ္တိ မေမေ့အားမာန်နှင့် နှင်းဆွတ်ပေါ်မှာထားသော မေမေ့ မေတ္တာတရား။ နေ့စွဲ ရက်စွဲ မပါပဲ စိတ်ခံစားမှု အလျှင်အတိုင်း ရှင်းနေအောင် ရေးထားသော မေမေ့စာကလေးသည် နှင်းဆွတ်အတွက်တော့ မေမေ့ကိုယ်စား မေမေ့ ကိုယ်ပွားကလေးပင်။ စာကို အခါခါ ဖတ်သည်။ ဖတ်တိုင်းလည်း ခံစားမှုက တစ်မျိုးပြီး တစ်မျိုး မရိုးရအောင် ပြောင်းခဲ့ရမြဲ။

စာအိတ်ပေါ်မှာ ဖေဖေ့လက်ရေးနှင့် နေ့စွဲကို တပ်ထားသည်။ ခုနှစ်နှင့် ပြန်တွက်လျှင်တော့ နှင်းဆွတ် ရှစ်တန်းနှစ်မှာ ဖြစ်သည်။ ကြည့်စမ်း၊ မေမေ တော်လိုက်တာ၊ နှင်းဆွတ် ဘွဲ့ရသည့်တိုင်၊ လုပ်အားပေး ဆရာမလေးတောင် ဖြစ်နေသည့်တိုင် ဘာဆို ဘာမှ မသိခဲ့ရ။ မေမေ၏ အနေအထိုင် ပိရိသေသပ်ပုံနှင့် ခံစားချက်ကို မျိုသိပ်နိုင်ပုံကဖြင့် အံ့သြစရာ။ ဖေဖေ့ကို ကျေးဇူးတင်မိတာကိုလည်း မေ့ထားလို့မရ။ ဖေဖေက နှင်းဆွတ်ကို လမ်းပြပေးခဲ့သည်။ မေမေ့ကို လွမ်းရင် ဘာလုပ်ရမလဲ ဖေဖေ ဆိုတော့ ...

'ဒုတိယ ဒေါ်တင်တင်လေး ဖြစ်အောင် နေရမှာပေါ့ သမီးရယ်'...တဲ့။ နှင်းဆွတ် ဒုတိယ ဒေါ်တင်တင်လေး တကယ်ဖြစ်အောင် ကြိုးစားတဲ့အခါမှာတော့ ဖေဖေ နားလည်ခွင့်လွှတ်နိုင်ပါစေ။

ဖေဖေက 'သမီးရယ်၊ ဖေဖေ နောက်နှစ်ရက်၊ သုံးရက်လောက်နေရင် ဖေဖေ ပြန်ရတော့မယ်။ သမီးက ကျောင်းမှာ လုပ်အားပေးနေတာ မဟုတ်လား။ သမီးရဲ့ ကျောင်းကို ပြောတော့လေ။ ဖေဖေ ပြန်တော့မှာမို့ သမီး ဆက်လုပ်လို့ မဖြစ်တော့တဲ့အကြောင်း ပြောပြီး နားလိုက်တော့' တဲ့။

ဖေဖေက နှင်းဆွတ်၏ ဆန္ဒကို မေးမနေတော့ပဲ အပြီးအပြတ် ရှင်းခိုင်းနေတော့သည်။ ဖေဖေ့ကို ဘယ်လို ရင်ဆိုင်ရမလဲ ကြိုတင်စဉ်းစားထားနှင့်ပြီးသားမို့ ထွေထွေထူးထူး စိတ်မလှုပ်ရှားတော့။

'ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ဖေဖေ။ သမီးက မေမေ့သမီးပါ။ ဖေဖေ့ကို အချစ်မပြယ်၊ အရိုအသေအလေးစား မပျက်ပေမယ့် ဖေဖေ့မိသားစုနဲ့ အတူတူနေဖို့ဆိုတာတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ သမီးကို ယုံပါ။ သမီး မေမေ့သမီး ပီသအောင် အရာရာမှာ ကြိုးစားပြီး ဖေဖေလည်း သမီးအတွက် ဂုဏ်ယူရအောင် နေမှာပါ'

ထိုအချိန်မှာ နှင်းဆွတ်၏ အသံက တုန်ရီမနေ၊ ဝမ်းနည်းသံ ပါမနေဘဲ

ရှင်းသန့်ကြည်လင် အားမာန်ပြည့်နေမည်ဖြစ်ကြောင်း ယုံကြည်မှုအပြည့် ရှိနေသည်။ ချည့်နဲ့ခွေခေါက်နေသူက ဖေဖေ။ ဒီရက်ပိုင်းမှာ ဖေဖေ တော်တော်လေးကျသွားတာ နှင်းဆွတ် သတိထားမိသည်။ ထမင်းဟင်းကို မေမေချက်သလို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးပေမယ့် သိပ်မစားနိုင်။ ခါတိုင်းလို သားအဖနှစ်ယောက် စာကြောင်းပေကြောင်းလည်း မပြောဖြစ်။

'သမီးက ဆုံးဖြတ်ပြီးပြီလား'

ဖေဖေက တုံ့ဆိုင်းစွာ မေးသည်။

'နှင်းဆွတ်ကို ခွင့်လွှတ်ပါ ဖေဖေ။ နှင်းဆွတ်ကို စိတ်ချပါ'

နှင်းဆွတ်ကလည်း ထိုစကားတစ်ခွန်းမှ လွဲပြီး ဘာမှ ပြန်မပြောနိုင်။ ဖေဖေက အငြိမ်ကြီး ငြိမ်သက်နေပြီးကာမှ ...

'ဖေဖေ့အမှားတွေပါ သမီးရယ်၊ ဖေဖေ့ကို ခွင့်လွှတ်နိုင်တယ်ဆိုရင် သမီးကို ဖေဖေ ဆက်ပြီး စောင့်ရှောက်ချင်တယ်။ မေမေ့ကိုယ်စားပေါ့။ သမီးကို ဒီအတိုင်း ထားခဲ့ရင် မေမေက ဖေဖေ့ကို ဘယ်လိုနည်းနဲ့မှ ခွင့်လွှတ်နိုင်လိမ့်မယ်လို့ မထင်ဘူး'

ဖေဖေက တိုးတိုးညင်းညင်း ပြောသည်။ နှင်းဆွတ်မှာတော့ ဖေဖေ့ကို မော်လို့တောင် မကြည့်ရက်။

'နှင်းဆွတ်က ပြန်ပြီး တောင်းပန်ပါရစေ ဖေဖေရယ်၊ ကိုယ့်ခြေထောက်ကိုယ်ပေါ် မားမားမတ်မတ် ရပ်နေတာကို မေမေရော ဖေဖေ့ကိုပါ နှင်းဆွတ် မြင်စေချင်တာပါ။ ဘွဲ့လည်း ရပြီး၊ အလုပ်လည်း ရပြီးတဲ့အထိ မေမေတို့ ဖေဖေတို့ နှင်းဆွတ်ကို ပြုစုပျိုးထောင်ခဲ့ကြပြီးပါပြီလေ'

ထိုစကားကို ဖေဖေ့အား နောက်ဆုံးပြောခဲ့သည်။ နှင်းဆွတ်၏ ဘဝမှာ ပထမဆုံးအကြိမ် နာကျင်ကြေကွဲခြင်းဟု စိတ်ထဲမှာ မှတ်ယူလိုက်ပြီး မေမေ့သမီး

ပီသစွာပင် ဖေဖေ့ကို စာတစ်စောင်နှင့် နှုတ်ဆက်လိုက်မိတာကိုတော့ တွေးမိတိုင်း စိတ်မကောင်း။

ဒေါ်ဒေါ်ကြီးက မေမေ့အစ်မ ပီသစွာပင် နှင်းဆွတ်တို့ အကြောင်းကို သိနေပါလျက်နှင့် မစပ်စု။ ဆိုးသည်၊ ကောင်းသည် ဘာကိုမျှ ဝင်မပြော။ သို့သော်လည်း မဖြစ်မနေ ရင်ဆိုင်ရတော့မည်ဟု အရေးကြုံလာသောအခါမှာတော့ နှင်းဆွတ်ဖက်က ရပ်တည်ရှာသည်။ 'ငါလည်း ညည်းကို ဟိုမိန်းမ ရှိတဲ့နောက် မထည့်နိုင်ပါဘူးအေ' ဟု အပျိုကြီးပီပီ ပြတ်ပြတ်သားသားပင် ပြောကာ နှင်းဆွတ် ကြိုတင်စီစဉ်ထားသည့် အစီအစဉ်ကို သဘောကျစွာ လက်ခံလေသည်။ နှင်းဆွတ်က ဖေဖေ မပြန်ခင် တစ်ရက်အလိုမှာ ဒေါ်ဒေါ်ကြီး၏ စိုက်ခင်းများရှိရာ 'မြယာခင်း' သို့ သွားနေရန် စီစဉ်ထားသည်။

ထိုအကြံကို ပေးသူက နှင်းဆွတ်၏ ဆိုးတူကောင်းဖက် ရန်ဖြစ်ဖော် ပြန်ချစ်ဖော် အရေးကြုံလျှင် အားမနာတမ်း တစ်ယောက်ကိုတစ်ယောက် 'အသက်ပေး ကူစတမ်း' ဟု ကတိပြုထားကြသော 'ငညီ' ဖြစ်လေသည်။ နှင်းဆွတ်က သူငယ်ချင်းလို့ သဘောထားလျှင် 'ငညီ'။ စိတ်အလို မကျလျှင် 'ခွေးညီ ဝက်ညီ'။ ခိုင်းစရာ အကူအညီတောင်းစရာရှိလျှင် 'ဆရာညီ'။ နှင်းဆွတ်အပေါ်မှာ ဆရာကြီးလာလုပ်သည်ဟု ထင်လျှင် 'ဆြာညီ'...။ ထိုသို့ အမည်နာမ အမျိုးမျိုးနှင့် နှင်းဆွတ်အနားမှာ ရှိနေတတ်သော ငယ်သူငယ်ချင်း 'ညီသော်ထက်' ဖြစ်သည်။ ညီတို့က နှင်းဆွတ်တို့အိမ်၏ ညာဘက် ကပ်လျက်အိမ်က ဖြစ်ပြီး မေမေ့ချစ်သူငယ်ချင်း ကြီးကြီးမြ၏ သားနှစ်ယောက်အနက် အငယ် ဖြစ်သည်။

ညီက နှင်းဆွတ်နှင့် မွေးနှစ် တူသော်လည်း သုံးလခန့်ကြီးသူ။ ညီ့ကို လူကြီးတွေက ကိုကိုလေး ခေါ်ရမည်ဟု သင်သော်လည်း 'သုံးလကြီးရုံနဲ့တော့ လူကြီးလာမလုပ်နဲ့နော်၊ မရဘူး' ဆိုကာ ညီသော်ထက်ကိုတော့ နှင်းဆွတ်က ကိုယ့်ထက် အကြီးဟု ဘယ်လိုမှ သဘောမထားခဲ့။ ကိုကို့ကိုသာ...။ ကိုကိုက နှင်းဆွတ်တို့ထက် ငါးနှစ်ခန့် ကြီးလေသည်။ ကိုကိုတော်ထက်၊

ညီညီသော်ထက်ဟူသော နာမည်လှလှများကို နှင်းဆွတ်မေမေက ပေးခဲ့တာဟု ကြီးကြီးမြက ဂုဏ်ယူစွာဖြင့် ‘တင်လေးက သိပ်အနုပညာဆန်တာ၊ သားတို့ နာမည်လေးတွေသာကြည့်တော့ ပေးတတ်တာကို’ ဟု ခဏ ခဏ ပြောလေ့ရှိတာ နှင်းဆွတ် မမေ့။

ကိုကိုက နာမည်နှင့်လိုက်အောင် တော်သော၊ ထက်သော သူရဲကောင်းဟု နှင်းဆွတ်က သတ်မှတ်ထားသည်။ ညီ့ကိုတော့ ကျောင်းစာကလွဲလျှင် အကုန်တော်သူဟု လူကြီးများက သတ်မှတ်ကြသည်။

ညီကလည်း မငြင်းနိုင်အောင် စာကျက်ပျင်းသူ။ ညီနှင့် နှင်းဆွတ်က ကျောင်းနေစကတည်းက အတန်းအတူတူ ဖြစ်သော်လည်း တက္ကသိုလ်ဝင်တန်းမှာ ညီက နှစ်ချို့ ကျန်ခဲ့ပြီး စာမေးပွဲဆက်ဖြေခိုင်းသူ သူ့ရန်သူ။ ဒါပေမယ့် ညီ့မှာ အစဉ်အမြဲ စိတ်ကူးကောင်းတို့ ရှိနေတတ်လေသည်။

‘ဟိတ်ကောင် ဖြူလုံး၊ နင် ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး။ ဒီဇာတ်လမ်းကြီးမှာ အန်ကယ့်ကိုလည်း ဝေဖန်မနေနဲ့တော့ဟာ၊ ကြာလည်း ကြာခဲ့ပြီ။ ပြောနေလည်း ထူးမှာ မဟုတ်ဘူး။ ခု နင် ရင်ဆိုင်ရမှာက အန်ကယ့်နောက်ကို နင် မလိုက်ရဖို့နဲ့ အန်ကယ် အဆင်ပြေပြေ ပြန်သွားနိုင်ဖို့၊ ဟုတ်ဘူးလား’

ဟု အကြံပေးစ ပြုသည်။ နှင်းဆွတ်၏ ခံစားမှုလွန်ကဲနေသော နှလုံးသားများကတော့ ထုံကျဉ်လို့တောင် နေပြီထင်ရဲ့။ ဘာကို ဘယ်လိုလုပ်ရမှန်း မသိနိုင်တော့။

‘အဲဒီ တော့ ငါက ဘာလုပ်ရမှာလဲ’

‘နင် ပထမဆုံး စိတ်ကို ငြိမ်အောင် လုပ်ဟာ’

နှင်းဆွတ်က တွေဝေငေးမောလျှက် မငြိမ်စဖူး ငြိမ်နေသည်။ မငိုပါပဲ မျက်ရည်များက အလိုလို စီးကျနေသည်။ ကျိတ်၍ ရှိုက်ရတာ လည်း ပင်ပန်းလှပြီး

ဒီခံစားချက်တွေကို နှင်းဆွတ်က ခုမှ အသစ်အဆန်းဖြစ်ရပေမယ့် မေမေ့မှာတော့ ဖေဖေ့ကို ဆုံးရှုံးလိုက်ရလို့ ကြေကွဲရတာ တစ်မျိုး၊ နှင်းဆွတ်မသိအောင် သိုသိပ်သိမ်းဆည်းရတာ တစ်မျိုး၊ ဘယ်လောက်များ ခက်ခဲခဲ့မလဲ။

နှင်းဆွတ် မစဉ်းစားရဲတော့။ ဘယ်လိုပဲ ပြောပြော ဖေဖေ့ကို နှင်းဆွတ် မုန်းလည်း မမုန်းနိုင်။ စိတ်လည်း မဆင်းရဲစေချင်။ သို့သော် ဖေဖေ၏ ဆန္ဒကိုလည်း လိုက်လျောရန် မဖြစ်…။

‘ငါ ဘယ်လိုလုပ်ရမလဲ ညီ၊ ဒီအချိန်မှာ …’

‘နှင် ဒေါ်ဒေါ်ကြီးတို့ မြယာခင်းမှာ ခဏသွားနေလိုက်ပါလား။ အန်ကယ်က နှင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သန်ဘက်ခါတော့ မပြန်လို့ မဖြစ်ဘူးလို့ မေမေ့ကို ပြောတယ်’

ညီ့စကားဆုံးတော့ နှင်းဆွတ် အသိတစ လင်းလက်သွားသည်။ ဖေဖေ့ကို မျက်နှာချင်းဆိုင်ပြီး ပြောမထွက်သော စကားများကို မေမေ့အတိုင်း စာရေးပြီး ထားခဲ့မည်။ မြယာခင်းမှာ အလုပ်လုပ်နေသော နှင်းဆွတ်နှင့် ရွယ်တူ သူငယ်ချင်း မိသင်လည်း အရှိသား။ နှင်းဆွတ် အလွန်နှစ်သက်သော ‘မြယာခင်း’။ မေမေလည်း ချစ်မြတ်နိုးသော ‘မြယာခင်း’။ နှင်းဆွတ်တို့ သားအမိနှစ်ယောက် ခဏတိုင်း ရောက်လေ့ရှိသော ဆရာမ ငွေတာရီ၏ စကားနှင့်ဆိုလျှင် ‘မိခင် မြေမြသာလေစွ’ ဆိုသောနေရာ။

‘ညီရယ် … ကျေးဇူးတင်လိုက်တာ’

ထိုနေရာသို့ မရောက်ရသေးမီပင် နှင်းဆွတ်၏ လောင်မြိုက်နေခဲ့သော အပူမီးတို့ အရှိန်လျော့သလို ဖြစ်သွားသည်။

*

# အခန်း ( ၄ )

အေးမြသော လေသုန်သုန်ဝေ့တော့ စံပယ်ရနံ့က လေသင့်ရာ မွှေးမြလေပြီ။ ဒေါ်ဒေါ်ကြီး၏ သစ်သားအိမ်ကလေးမှာ အခမ်းနားဆုံးက ဘုရားခန်း ဖြစ်သည်။ ဧည့်ခန်းသီးသီးသန့်သန့် ဟူ၍ တော့ မရှိ။ ဘုရားစင်ကျယ်ကြီးနှင့်၊ ခြံထွက် ဘုရားပန်းဝေဝေနှင့် အိမ်ရှေ့ခန်းသည်ပင် ဧည့်ခန်းလည်း ဖြစ်သည်။ သပြေသီးမှည့်ရောင် ညို့၍ ပြောင်ချောနေသော ကြမ်းပြင်ပေါ်မှာ သင်ဖြူးဖျာလေး ခင်းလိုက်ရုံမျှဖြင့် ဧည့်ခန်းဖြစ်သွားသော ရိုးသားမှုကို နှင်းဆွတ် နှစ်သက်လှသည်။ ဘုရားစင်ပေါ်မှာ နှင်းဆီပန်းဝါဝါများကို ရွက်လှရွက်ရှည်ရှည်များနှင့် ပြင်ဆင်ထားသည်ကတော့ မိသင်၏ အနုပညာ ဖြစ်သည်။ မိသင်တစ်ယောက် အပျိုဖြစ်သည်နှင့် ဒေါ်ဒေါ်ကြီးထံသို့ ရောက်လာရခြင်းကတော့ စာကျက်ပျင်းခြင်းက အဓိက အကြောင်းအရင်းပင်။ လူက အသက်ကြီးလှပြီ၊ အတန်းက လေးတန်းက မတက်။ မေမေက ဆွေရိပ်မျိုးရိပ် မကင်းသော မိသင်ကို နှင်းဆွတ်လည်း အဖော်ရအောင် စာခေါ်သင်ပေးမည်ဟု မြို့ကို ခေါ်ခဲ့ပြီးမှ စာကို အကြောက်ကြီး ကြောက်ကာ မေမေ့ဆီမှာ မနေဘဲ ဒေါ်ဒေါ်ကြီးနှင့် နေချင်လှပါသည်ဟု သူ့လမ်း သူရွေးသွားခြင်း ဖြစ်သည်။

'ဒေါ်ဒေါ်ကြီးနဲ့ မိသင်က ရေစက်ကြီးတယ်။ ဒေါ်ဒေါ်ကြီးလည်း ကံကောင်း၊ မိသင်လည်း ကံကောင်းတာပဲ' ဟု ဆွေမျိုးအသိုင်းအဝိုင်းက အားကျသည်အထိ သူတို့နှစ်ယောက် ချစ်ခင်ကြသည်။ မိသင်တစ်ယောက်က စာဖက်မှာ အားနည်းလှသော်လည်း အနုအလှကို ခုံမင်မြတ်နိုးမှုမှာတော့ ဘယ်သူမှ

လိုက်လို့မမီ။ အိမ်ကို ခင်းကျင်းပြင်ဆင်ပုံကအစ သန့်ပြန့်ရုံမျှမက လှပသစ်လွင်အောင် ပြင်တတ် ဆင်တတ်သောကြောင့် မိသင်ကို အတန်းပညာ မရှိရကောင်းလားဟု ဘယ်သောအခါကမျှ အထင်မသေးခဲ့။ ထို့ကြောင့် မိသင်ကလည်း နှင်းဆွတ်ကို ညီမရင်းတမျှ ချစ်ရှာသည်။

'မိနှင်းရေ… ဒီမှာ…'

မိသင်က နှင်းဆွတ်ကို စံပယ်ပန်းတွေ ဗန်းကလေးနှင့်အပြည့် ယူလာပေးသည်။ 'နင် သီပေးပါ့မလားဟယ်၊ ဘုရားတင်ရအောင်' တဲ့။ နှင်းဆွတ်က သူ့အလုပ်ကို ကူချင်သောကြောင့် 'အေးပါ…အေးပါ…ပေး' ဟု ပြောလိုက်ရသော်လည်း စိတ်ထဲမှာ အလွမ်းရိပ်ရိပ် ပြေးပြန်သည်။ မေမေနှင့် စံပယ် ခွဲခြားမရသော အတိတ်များက ထင်ထင်ရှားရှား ပေါ်လာသည်။ မေမေက ပန်းကလေးများကို အလွန်ချစ်မြတ်နိုးသူ။ ပန်းပျိုးသူ၊ ပန်းစိုက်သူ၊ ပန်းကလေးများကို လန်းစေသူ။ ဒါပေမဲ့ မေမေ အချစ်ဆုံးပန်းကတော့ 'စံပယ်'။

'စံပယ်လေးရဲ့ ရနံ့က ဘယ်ပန်းနဲ့မှ မတူဘူး သမီးရဲ့။ မွှေးတာတောင် အေးအေးလေး မွှေးတာရယ်။ သူ့အပင်လေးကိုလည်း ကြည့်၊ ဘာမှ ရေးကြီးခွင်ကျယ် ပြုစုနေစရာ မလိုဘူး။ ရေလေးမိုးလေးစိုရုံနဲ့ ပွင့်ပါပြီတော်။ အားနာစရာ ကောင်းလောက်အောင်ကို ပွင့်တာပါဆို'

မေမေက စံပယ်ကို အားနာချစ် ချစ်တာဟု နှင်းဆွတ် မေမေ့ကို စနောက်ခဲ့ဖူးသည်။

'နှင်းဆွတ်ရေ၊ ဒီနေ့ နင် ရောက်မယ်လို့လည်း မသိတော့ ငါ ဖြိုးသလစ်ချက်စားမလို့ဟ၊ ဟင်းသည်လည်း လွတ်သွားပြီ။ နင် မန်ကျည်းသီးစိမ်း ချဉ်ငံစပ်နဲ့ ကြိုက်ပါ့မလား'

'ဟယ်… ဒါ ငါ့အကြိုက်။ တစ်ခွက်တည်းနဲ့ ရတယ်၊ ငါ ကြိုက်တယ်။ ငါက နင် ဘာချက်ချက် ကြိုက်တာပဲကို။ ငါ ကူချက်မှာပေါ့။ ဘာလုပ်ရမလဲ ပြော'

‘တစ်ခွက်တည်းတော့ မကျွေးပါဘူး ဟယ်။ မြို့က အထူးဧည့်သည်ကြီးကို ပဲဇာရာနဲ့ ခဝဲသီးလေးနဲ့ ဟင်းရည်လေး ချက်မယ်။ ကြက်ဥလေး ကြော်မယ်။ မန်းကျည်းသီးစိမ်း ချဉ်ငံစပ်လေးနဲ့ မှျစ်နုနုလေးတွေ ပြုတ်တို့မယ်။ ငါးပိကောင်ကြော်လေးရယ်’

‘ဟာ… ဟဲ့ မိန်းမရဲ့၊ ဒါ ဖြိုသလစ်လား၊ ငါ သွားရည်ကျတော့မယ်ဟ။ ရပြီ ရပြီ၊ တော်တော့၊ ငါ့ကို ဧည့်သည်လို သဘောမထားပါနဲ့ မိသင်ရယ်။ နောက်ဆို ငါက နင်နဲ့ ဒေါ်ဒေါ်ကြီးနဲ့ အတူတူနေတော့မှာ’

‘ကောင်မစုတ်၊ ပြီးမှ ငါ့ကို ပစ်ထားခဲ့လို့ကတော့ သိမယ်။ ဘွဲ့ရ ဆရာမကြီးက ငါတို့တောမှာ နေနိုင်မှာမို့လား’

‘ငါ တောမှာ ပျော်တတ်တာ နင် အသိဆုံးပါ မိသင်ရယ်။ ငါတို့တွေ တောမှာ ဆိုပေမယ့် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေရတာ အရသာရှိလွန်းလို့ပါဟယ်’

“အေးပါ အေးပါ၊ နောက်မှသာ ‘မိသင်ရယ်၊ ငါ မသွားရင် မဖြစ်လို့ပါဟယ်’ လုပ်မလာနဲ့”

မိသင်က ပျော်ရွှင်နေသော မျက်နှာနှင့် မျက်စောင်းလှလှထိုးကာ ဟင်းချက်ရန် အိမ်နောက်ဘက်သို့ ဝင်သွားသည်။ အပ်ချည်နဲ့အပ် တပ်ပြီး နောက်ပန်းကို မေမေ သီသည့် ပုံစံအတိုင်းသီရန် ကြိုးစားရသည်။ မေမေက ပန်းကို ဘယ်သောအခါမှ သီလေ့မရှိ။ ပန်းလေးငါးပွင့်ကို စိတ်စိတ်လေး သီ။ ပန်းနှစ်ပွင့်လောက်ကို ဒေါင်လိုက်သီ။ ပြီး…ပန်းလေးငါးပွင့်ကို ဆုပ်ဆုပ်ခဲခဲလေး သီ။ ဘုရားစင်အမြင့်မှ တွဲကျနေသော ‘စံပယ်ပန်းပုတီးကုံးလေး’ ဟု မေမေက ပန်းသီပြီး ဘုရားတင်တိုင်း ကြည်ကြည်နူးနူး ပြုံးနေတတ်တာ။ ဩော်…မေမေရယ်….။

မိသင်နှင့် ရယ်ရယ်မောမော စကားပြောရတာ ကောင်းလှသော်လည်း တစ်ယောက်တည်း ရှိနေသောအချိန်တွင် အတွေးအပူငွေ့တို့က လောင်မြိုက်နေဆဲ။

ဖေဖေ့ကိုလည်း စိတ်မကောင်းခြင်းများစွာဖြင့် တွေးနေမိသည်။

ဖေဖေ ဘယ်လိုများ ခံစားနေရမှာမလဲ။ နှင်းဆွတ် စာကြောင့် ဖေဖေ ဂမ်းနည်းသွားမှာလား။ ဘာတွေများ ရေးခဲ့မိပါလိမ့်။ နှင်းဆွတ် ရေးခဲ့မိတာတွေကို ပြန်စဉ်းစားသော်လည်း ကောင်းကောင်းမမှတ်မိသလိုလို၊ အိပ်မက် မက်နေသလိုလို။ လူ့ဘဝဟူသည် နိုးလျက်မက်နေသော အိပ်မက်များပါပဲလေ။ အိပ်မက်စစ်စစ်ဆိုလည်း အကောင်းသား။ နိုးလျှင် ပျောက်သွားရုံပဲ။ နှင်းဆွတ်၏ လက်သည် အတွေးနှင့် ငြိမ်သွား၏ ။

'တီ...တီ...တီ'

ဆိုင်ကယ်ဟွန်းသံက ကျယ်သည်ထက် ကျယ်လာသည်။ နှင်းဆွတ်၏ နားထဲမှာ ရင်းရင်းနှီးနှီး ရှိလှသော သည်ဟွန်းသံ။ ကိုကိုလား။ မဖြစ်နိုင်ပါဘူးဟု တွေးနေဆဲပဲ ရင်တွေ ခုန်လျက်။ ကိုကို့ ဆိုင်ကယ်ဟွန်းသံနှင့် တူလွန်းလှလို့။ ပန်းသီလက်ကို ခဏ ချထားခဲ့၍ အိမ်ရှေ့သို့ လှမ်းအကြည့်လိုက်။ ဟယ်...ကိုကို။ ကိုကိုရယ်...။ နှင်းဆွတ် တမ်းတမ်းတတ ဖြစ်မိတိုင်း ကိုကို ရောက်လာတာ အိပ်မက် မဟုတ်ပါဘူးနော်။

နှင်းဆွတ်က လှေကားသုံးထစ်ကို ဘယ်လိုကျော်လွှားဆင်းမိမှန်း မသိ။ အိမ်ရှေ့က ခြံဂကို ရောက်အောင် ဘယ်လို ပြေးမိမှန်း မသိ။ သံမင်းထုပ်တံခါးလေးလေးကြီးကို ဘယ်လို ဆွဲဖွင့်မိမှန်း မသိ။ ကိုကိုက ဆိုင်ကယ်ပေါ်မှ မဆင်းပေမယ့် အရှိန်မပါအောင် လှိမ့်ဝင်လိုက်ပြီ နှင်းဆွတ် တံခါးအပိတ်ကို ရပ်စောင့်နေသည်။ စကားတစ်ခွန်းမှ မဆိုသေး။ ကိုကို၏ ညိုရီလွမ်းမောသော အပြုံးမျက်လုံးများကိုတော့ နှင်းဆွတ် ခိုးကြည့်လိုက်ပြီးနှင့်ပြီ။

ကိုကိုက ဆိုင်ကယ်ပေါ်မှာဆင်းကာ နှင်းဆွတ်ကို လည်ပြန်လှည့်ကြည့်ပြီး 'အံ့သြနေလား ကလေးလေး' ဟု မေးခွန်းနှင့် စ၍ နှုတ်ဆက်သည်။ ကိုကိုက နှင်းဆွတ်ကို နှစ်သိမ့်စရာ ချော့စရာ ကျေနပ်စရာရှိလျှင်

ကြင်ကြင်နာနာနှင့် 'ကလေးလေး' ဟု ခေါ်တတ်သည်။ ဖေဖေတို့၊ မေမေတို့ ကြီးကြီးမြတို့အားလုံးက နှင်းဆွတ်ဟု ခေါ်သော်လည်း ကိုကိုကတော့ 'နှင်းဖြူမ' ဟုသာ ခေါ်ခဲ့တာမို့ နှင်းဆွတ်အတွက် ကိုကိုက အစဉ်အမြဲ ထူးဆန်းမှုကို ပေးနိုင်သူ။ ကိုကို့ကြောင့် နှင်းဆွတ် ဘဝမှာ အံ့ဩခဲ့ရတာ၊ ပျော်ရွှင်ခဲ့ရတာ ကိုကို့ကြောင့်သာ ဖြစ်သည်။ ကိုကိုတစ်ယောက်က အလိုမကျလျှင်တော့ 'နှင်းဖြူအစုတ်ပလုတ်' ဟုပင် ခေါ်လေသေးရဲ့။ ကိုကိုက စံပယ်ပန်းရုံကြီးနားက တမာပင်ရိပ်မှာ ဆိုင်ကယ်ကို ရပ်လိုက်သည်။ ပြီးနောက် စံပယ်ရုံ၏ မြေပြင်ကို မျက်ဝန်းညိုများဖြင့် ငုံ့ကြည့်နေလိုက်သေး။ ကိုကို ဘာရှာတာလဲဟင်ဟု မေးလည်း မေးချင် မေးလည်း မမေးရဲခဲ့ပေ။ ရင်တွေကတော့ ဖျပ်ဖျပ်ခုန်လို့ပါ ကိုကို...။

ကိုကို ဒီတစ်ခေါက် အလုပ်ရှိရာကို ပြန်မသွားခင် တစ်ရက်။ နှင်းဆွတ်နှင့် မေမေက ဒေါ်ဒေါ်ကြီးတို့ မြယာတောကို ရောက်သည်။ ကိုကိုက နှင်းဆွတ်တို့ သားအမိကို နှုတ်ဆက်ရန် လိုက်လာခဲ့စဉ်...။ နှင်းဆွတ်မှာတော့ ထိုနေ့ ညနေစောင်းကလေးကို အံ့ဩခြင်းကြီးစွာဖြင့် အမှတ်တရ ဖြစ်နေခဲ့ရသည်။ ကိုကို့ကို နှင်းဆွတ်က ဆိုင်ကယ်နားထိ လိုက်ပို့သည်။ မေမေက ကိုကိုတောထဲမှာ ဖတ်ရန် စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီး ပေးလိုက်သည်မို့ ကိုကိုက ဆိုင်ကယ်ရှေ့ခြင်းထဲမှာ စာအုပ်များကို ထည့်သည်။ နှင်းဆွတ်ကလည်း ကိုကို့အတွက် ကိုယ်တိုင် ကြော်ပေးလိုက်သော ပုစွန်ခြောက်ကြော်ဘူးများ၊ မေမေ့လက်ရာ သရက်သီးသနပ်ဘူးများကို အဆင်ပြေအောင် ကူ၍ ထည့်ပေးရသည်။ ကိုကို့ ဆိုင်ကယ် ထွက်သွားတော့မှ အိမ်ထဲသို့ ဝင်ရန်အလှမ်း စံပယ်ပန်းရုံအနီးအရောက်၊ ပင်ခြေမှာ ပြောင်ပြောင်ကလေး ဘာလေးလဲဆို ကောက်အကြည့်...။

နှင်းဆွတ် အံ့ဩရသည်။ ကြည့်ပါဦးတော့၊ မုန့်စားတဲ့ ဝါးတူကလေးကို သေသေချာချာဖြတ်ပြီး၊ လက်တစ်ဆစ်လောက် ကလေးကို လုပ်ထားတာ...။ စက္ကူလေးနဲ့ သေသေချာချာပတ်ပြီး အင်္ဂလိပ်လို 'နှင်းဆွတ်ဖြူ' လို့ မင်အနက်နဲ့ ထင်ထင်လေး ရေး၊ သူ့ အပေါ်မှာ ပလတ်စတစ်နဲ့ တစ်ထပ် ထပ်ပတ်ပြီး

ဝါးတူကလေးရဲ့ ထိပ်ဘက်မှာ အပေါက်ကလေးဖောက်၊ ကြိုးဖြူရှည်ကို အဆစ်ကလေးတွေချည်လို့ ဆွဲကြိုးလေးလို လုပ်ထားသတဲ့၊ ညနေရီရီမှာ နှင်းဆွတ် ကောက်ရလိုက်သော နှင်းဆွတ်နာမည်နှင့် ချည်ဆွဲကြိုးလေးကို အံ့အံ့ဩဩကြည့်ရင်း… ရင်တွေ ခုန်လျက်။ ဘာကိုမှန်မသိ ရှက်နေမိလျက်…။ ဘာကိုမှန်းမသိ ကြောက်နေမိလျက်…။ ဘာကိုမှန်းမသိ လှို့ဝှက်ချင်လျက်…

ဆွဲကြိုးကလေးသည် နှင်းဆွတ်ကို အလုပ်ပေးလှသည်။ အချိန်တိုင်း သူက အတွေးတွေကို စိုးမိုးသည်။ ကိုကို ကျန်ခဲ့တာဟု နှင်းဆွတ်က တစ်ကြောင်းတည်း တွေ့ပြီးကာမှ ဒါ…မိသင်များ လုပ်ထားတာလားဟု သံသယကလည်း ဝင်မိပြန်သေးတော့ မိသင်ကို သွယ်ကာဝိုက်ကာဖြင့် စစ်ရ ဆေးရသေး။ စစ်သာစစ်ရ ချည်ဆွဲကြိုးကလေးကိုတော့ ထုတ်မပြရဲ။

'မိသင်၊ နင် ချည်မျှင်လေးနဲ့လေ၊ ဆွဲကြိုးလေး လုပ်တတ်လား' ဟု မေးသော် မိသင်က နှင်းဆွတ်ကို ကြောင်တောင်တောင် ပြန်ကြည့်ကာ 'အားအားယားယားအေ' တဲ့။ နှင်းဆွတ် စိတ်ထဲမှာ ဂုဏ်ထူးနှင့် စာမေးပွဲအောင်သလို ဝမ်းသာသွားသည်။ ဒါဆို ဒီနေ့ အိမ်ကိုလာတာ ကိုကိုတစ်ယောက်ပဲ ရှိတာလေ။ ဟင် … ကိုကိုက… နှင်းဆွတ် ဘယ်လို တွေးရမှန်း မသိ။ နှင်းဆွတ် သိသော ကိုကိုက တည်တည်ကြည်ကြည် လူကြီးတစ်ယောက်ပါ။ ညီဆိုရင်တော့ စဉ်းစားရန် မလို။ သူက အနုပညာလည်း ဝါသနာပါကာ ထွေလီကာလီတွေလည်း အလွန်လုပ်တတ်သူ။ ခုတော့ ကိုကိုက…။ ဒါဆို နှင်းဆွတ်အတွက် လက်ဆောင်လို့ ပေးသွားပါလား ကိုကိုရယ်။ အဲဒီ လို ပေးသွားတာ မဟုတ်ပြန်တော့ တွေးရခက်လှသည်။ ကိုကိုကလည်းလေ ဘာသဘောလဲ။ ပေးဖို့ မဟုတ်ရင် ကိုကိုဆောင်မလို့ လုပ်ထားတာလား။ ဒီလိုလည်း ဟုတ်ဘူးထင်ပါရဲ့။ ဒီတိုင်းပဲ လုပ်ထားတာ နှင်းဆွတ် နာမည်ဆိုတော့ နှင်းဆွတ်ကို အမှတ်တရ ပေးဖို့ ဆိုလည်း ဒါ မေ့စရာမှ မဟုတ်တာနော်။ ကျကျန်ရစ်ရအောင်ရော ဘာလို့များ ယူလာလဲဟင်။

အတွေးထဲမှာ မရခဲ့သော အဖြေကို ဖြေနိုင်သူက

ကိုကိုသာဖြစ်သော်လည်း နှင်းဆွတ်က ဘာတစ်ခွန်းမျှ စမပြောရဲ။

"ကဲ…မနှင်းဖြူ ဂရမ်းပြေးလုပ်နေတယ် ဆို၊ ဟုတ်လား။ ညည်ကလည်း လူကြီးကို စိတ်မကောင်းအောင် ညီမလေးရယ်။ အဲဒီ လို မလုပ်ပါနဲ့၊ ကိုကိုက နှင်းဖြူလေးကို လာခေါ်တာ"

ဟူသော စကားနှင့် နိဒါန်းပျိုးလေပြီ။ နှင်းဆွတ်က ကိုကို့ကို ဘာမှပြန်မပြောနိုင်၊ ဘာမပြော ညာမပြော ဟီးခနဲသာ ငိုချလိုက်သည်။ နှင်းဆွတ်တို့ မျက်ရည်တာကျိုးချင်နေတာ ကြာပဲကြာပေါ့ ကိုကိုရယ်။

"ဟောတော်…ကိုကြီးတော်ထက် ဘယ်တုန်းကတည်းက ရောက်နေတာတုံး။ မသိဘူး၊ ကျွန်တော် နောက်မှာ ဟင်းချက်နေလို့ ငိုသံကြားလို့ ထွက်ကြည့်တ။ နှင်းဆွတ်ရယ် နင်ကလည်း…"

မိသင်က မီးဖိုချောင်မှ ပြေးထွက်လာသည်။

"ဟုတ်တယ် မိသင်ရာ၊ ငါ ဒေါ်ဒေါ်လေး အကြောင်းကို ကြားကြားချင်း အံ့ဩစိတ်ပူပြီး ခွင့်တင်တာ ခွင့်က ခုမှရလို့ ပြေးလာတာ အန်ကယ်ကလည်း နက်ဖြန်ပြန်ရမယ် ဆိုလို့လေ။ ညီမလေးရယ်နော်၊ ကိုကို့စကားကို ဒီတစ်ခါတော့ နားထောင်ပါကွာ၊ နှင်းဖြူလေးအတွက် ပြောတာ၊ ကဲကဲ မျက်ရည်တွေ သုတ်လိုက်ပါဦး။ နှပ်နှပ်တွေလည်း ညစ်လိုက်ပါဦး၊ အမယ်လေး ကလေးလေး မဟုတ်တော့ဘူးဗျနော်။ ရှေ့တစ်ပတ်ဆို နှင်းဖြူတို့ အော်ဒါတွေ ထွက်တော့မှာတဲ့"

ကိုကို့သတင်းထူးကြောင့် နှင်းဆွတ် စိတ်ပြောင်းသွားသည်။ တစ်မျက်နှာလုံး ပွနေအောင် ငိုထားမိ၍ ရှက်ရှက်နှင့် ကိုကို့အနားမှခွာကာ မျက်နှာသစ်ရသည်။

"မိနှင်း…နင်… ပြန်လိုက်သွားတော့မှာဆို"

"အေးဟယ်… ငါတို့ အလုပ်ခန့်စာတွေ ထွက်တော့မှာတဲ့။ ငါ

အလုပ်တော့ လုပ်ရမှာလေ မိသင်ရယ်”

“ဒါကြောင့် ငါ မပြောဘူးလား မိနှင်းရဲ့၊ ပညာတတ်မကြီးက နေမလား ငါတို့တောမှ၊ အေးပါ ထားပါတော့၊ ဒါဆို ငါ ချက်ထားတာလေးတော့ စားသွားကြပါဟယ်”

“အေးပါဟယ် စားမှာပေ့ါ၊ ခုချက်ခြင်းကြီးလည်း မပြန်ပါဘူး။ ကိုကို့ရော ကျွေးကြမယ်လေ”

ဆိုတော့ မိသင်က ချစ်မျက်စောင်းတစ်ချက် ဝဲလိုက်သေး၏ ။ မေမေ မရှိတော့သည့် ရက်များမှာ ဘာစားစား စားလို့ အရသာ မရှိ။ မိသင် လက်ရာနှင့် ဟင်းစပ်ကြောင့်လား၊ ကိုကို့ကြောင့်လားတော့ မသိ၊ ထမင်းတစ်ပန်းကန် ချောချောမွေ့မွေ့ဝင်သွားသည်။ ကိုကိုကလည်း -

“စားလို့ ကောင်းလိုက်တာ မိသင်ရယ်၊ ငါ တောထဲမှာ ပြတ်တလှည့် ငတ်တလှည့် ဟင်းခြောက်နဲ့ ပြီးရတာ ဆိုတော့…”

ထိုသို့ ကိုကိုပြောလာလျှင် နှင်းဆွတ် စိတ်မကောင်း။ ဒါပေမယ့် ဘာမှ မတတ်နိုင်။ ဒီလမ်းကို ကိုကိုပဲ ရွေးချယ်ခဲ့တာ ဖြစ်သည်။ ကိုကို တက္ကသိုလ်ဝင်တန်းအောင်တော့ နှင်းဆွတ်တို့ ညီတို့အတွက်ကတော့ အမှတ်တွေက ကောင်းလွန်းနေသည်။

ကိုကိုကတော့ သူ ရခဲ့သောအမှတ်ကြောင့် နာကျင်ကြေကွဲမှုတွေ အများကြီး ထွေးပွေ့လိုက်ရလေသည်။ ထိုအကြောင်းများကို ငယ်ငယ်တုန်းက ပါးပါးလေးမျှသာ သိခဲ့သလိုလို ရှိသော်လည်း နှင်းဆွတ် တက္ကသိုလ်ဝင်တန်း အောင်ပြီး တက်မည့်ကျောင်း ရွေးကြသည့်အချိန်မှာ ကိုကိုက နှင်းဆွတ် နားလည်အောင် ရှင်းပြသောကြောင့် သိနားလည်ခဲ့ရသည်။

ကိုကိုက တက္ကသိုလ်ဝင်တန်းဖြေခါနီး အချိန်တွင် ကျောင်းသွားရင်း စက်ဘီးလဲ၍ ညာဘက်လက်ကောက်ဝတ် နေရာက ကျိုးသွားခဲ့သည်။ ဒါပေမဲ့

သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသူ ကိုကိုက တစ်နှစ်လည်း မနားလိုသောကြောင့် စာမေးပွဲကို ကြိုးစားဖြေခဲ့သည်။

ကိုကို ငယ်ငယ်ကတည်းက ဖြစ်ချင်သည့် ဆန္ဒမှာ ဆရာဝန်မှ ဆရာဝန်။ ဘယ်အချိန်မေးမေး ဆရာဝန်...။ အောင်စာရင်း ထွက်တော့လည်း ဘာသာစုံဂုဏ်ထူးနှင့် အောင်ပါရဲ့၊ အမှတ်စာရင်း မထွက်မချင်း၊ သူ့ကိုယ်သူ ဆေးတက္ကသိုလ် ရလိမ့်မည်ဟု ယုံကြည်ဆဲ။ အမှတ်စာရင်း သိရတော့မှ ထိုနေ့က ကိုကိုတို့အိမ်မှာ ကမ္ဘာပျက်သည်။ ညီက-

"ဒေါ်ဒေါ်လေး လာပါအုန်း၊ ကိုကိုရယ် စိတ်တွေတိုပြီး အရမ်းကြီးကို ငိုနေတာ ဘယ်လိုမှ ပြောလို့ မရဘူး"

ဟု ပြေးလာခေါ်သည်။ ဖေဖေရှိနေသော အချိန်နှင့် ကြုံတာ ကိုကို့အတွက် တစ်မျိုးကံကောင်းသည်ဟု ပြောရမလိုပင်။ ဖေဖေရော မေမေပါ ကိုကို့ဆီကို ပြေးသွားကြသည်။

"တစ်မှတ်တည်းနဲ့ ကပ် ပြုတ်တာ အန်ကယ်။ မတရားဘူးဗျာ၊ မတရားဘူးဗျာ"

ဟု ပြောကာ ကိုကိုက ငိုနေသည်ဟု ညီ ပြန်ပြောပြတော့ ဘာမှ နားမလည်ပေမယ့် နှင်းဆွတ်လည်း စိတ်တွေ ညစ်ညူးခဲ့ရဖူး၏ ။ နောက်တော့မှ ကိုကိုရသော အမှတ်ပေါင်းက ဆေးတက္ကသိုလ်တက်ရန် တစ်မှတ်တည်း ကပ်၍ လိုသွားကြောင်း သိရသည်။

"ကိုကိုက တကယ်ကြီးကို ဝါသနာပါတာ၊ ကိုကို့ သူငယ်ချင်း ကိုသက်က လုံးဝ ဝါသနာမပါဘူး။ သူကကျ အမှတ်မီတယ်။ အမှတ်မီတော့ ကိုသက်အိမ်က လူကြီးတေါက ကိုသက်ကို ဆေးပဲတက်ရမယ်လို့ ဇွတ်ပြောနေကြတယ်။ ကိုသက်ကလည်း အင်ဂျင်နီယာပဲ လုပ်ချင်တာ။ ကိုသက်လည်း မငိုရုံတစ်မည် ဖြစ်နေတယ်"

ဟု ညီက ရသမျှ သတင်းတွေကို လာလာပေးတတ်သည်။ နှင်းဆွတ်ကိုတော့ မေမေက -

"သမီးလေး၊ ဟိုဖက်အိမ်ကို ဒီရက်ပိုင်း ဇွတ်ကယ်ဇွတ်ကယ် ကူးမသွားနဲ့နော်။ ကိုကိုရော၊ လူကြီးတွေရော စိတ်မကောင်း ဖြစ်နေကြတယ်"

ဟု သတိပေးထားသောကြောင့် နှင်းဆွတ်ကို ညီက သတင်းများ လာလာပို့နေရသည်။

"ရွေးချယ်ခွင့်ဆိုတာ မရှိရတော့ဘူးလား။ ကိုယ့်ဘဝအတွက် ကိုယ့်ဝါသနာ ကိုယ့်ရည်မှန်းချက်တွေဟာ အမှတ်တစ်မှတ်ကြောင့် သဲထဲရေသွန် ဖြစ်ရတော့မှာလား"

ဟူသော စကားများကိုတော့ ကိုကိုကိုယ်တိုင် နှင်းဆွတ်တို့ အိမ်မှာ နှင်းဆွတ်ရှေ့မှာ ဖေဖေနှင့် မေမေကို ကိုကိုက မချိတင်ကဲ ပြောခဲ့သည်။ ကိုကို၏ မိဘများက ဈေးရောင်း ဈေးဝယ်သာ နားလည်ကြပြီး ဖေဖေ မေမေတို့ထက်လည်း အသက်ကြီးကြသောကြောင့် ပညာရေးအကြောင်းကို ဖေဖေတို့၊ မေမေတို့လောက် နားမလည်ကြရှာပေ။ ကြီးကြီးမြကတော့ သားကို အလွန်ချစ်မြတ်နိုးသူပီပီ ကိုကို ငိုလျှင် လိုက်ငို၊ ကိုကိုစိတ်ညစ်လျှင် လိုက်ပြီး စိတ်ညစ်၊ ဒီ့ထက် ဘာမှ မပြောတတ်။ ဘဘကတော့ ဖေဖေ့ကို အားကိုးရှာသည်။

"မောင်မင်းသာရယ်၊ မင်း တူကို ကြည့်ထိန်းပါကွာ။ ငါတို့က သားကို ချစ်ပဲ ချစ်တတ်တာပါ။ သူ့ကို ဖျောင်းဖျပေးပါ ငါ့ညီရယ်"

ဟုသာ ပြောနိုင်ရှာသည်။ ဒီတော့ နှင်းဆွတ်တို့ အိမ်ကို ကိုကိုက ခဏ ခဏ ကူးလာဖြစ်တော့ ဖေဖေတို့၊ မေမေတို့နှင့် တိုင်ပင်သည်။

"ကျွန်တော်ကတော့ ပြတ်ပြတ်သားသားပဲ အန်ကယ်။ လူကို ကုတဲ့ဆေးကို မတက်ရတော့မှတော့ ကျန်တဲ့ဟာတွေ ဘာဆေးမှ စိတ်မဝင်စားဘူး။ တက်လည်း မတက်ချင်ဘူး။ ဘာမှကို မတက်ချင်တော့တာ"

ဟု ခေါင်းမာချင်သေး။ ဖေဖေက ကိုကို့ကို နည်းမျိုးစုံနှင့် ဖြေသိမ့်ပေးခဲ့ရသည်ဟု ကြီးကြီးမြက ခဏ ခဏ ကျေးဇူးတင်ကြောင်း ပြောလေရဲ့။ နောက်ဆုံးမှာတော့ ကိုကိုတစ်ယောက် တော်ပျော်ကြီးဖြစ်ရန် 'ဘူမိဗေဒ' အဓိကဘာသာကို သူ့သဘောနှင့်သူ ရွေးချယ်သွားခဲ့တော့သည်။ ခုတော့ ဘူမိဗေဒ မဟာသိပ္ပံဘွဲ့ရကြီး တစ်ယောက်အဖြစ် အမိမြန်မာနိုင်ငံတော်ကြီး၏ သယံဇာတများနှင့် စီမံကိန်း လုပ်ငန်းကြီးများတွင် တစ်ခုမကောင်း၊ တစ်ခုပြောင်းကာ ညီ့စကားနှင့် ပြောရလျှင် အလုပ်မျက်နှာများနေသူ ဖြစ်သည်။

"ကိုကို့ကို နှင်းဆွတ်တို့ အော်ဒါတွေ ထွက်တော့မယ်လို့ ဘယ်သူက ပြောတာလဲ"

"ဒေါ်ဒေါ်လေးတို့ကျောင်းက ဆရာမတွေ အိမ်ကို လာပြောသွားတာ။ အန်ကယ်က ညည်းလေး ကိုင်ရအောင်ဆိုပြီး ဖုန်းဝယ်ချင်ပါတယ် ပြောလို့ ကျွန်တော်မျိုးမှာ ခရီးရောက်မဆိုက် ပြေးဝယ်ခဲ့ရပါသေးတယ် ဆရာမနော်"

"ကိုကိုက ဖေဖေ့ လူပဲလေ..."

"ညီမလေးရယ်၊ ဘာမှ ပြန်စလို့ မရတဲ့ ကိစ္စအတွက် စိတ်ကို ဖြေသာအောင် တွေးရအောင်ပါ။ ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ပါဘူး။ ညီမလေးဖက်ကလည်း ဘယ်လိုခံစားနေရတယ်ဆိုတာ ကိုကို သိတာပေါ့။ ဒါကြောင့်လည်း အန်ကယ်နဲ့ သေသေချာချာ ဆွေးနွေးခဲ့ပါတယ်။ ညီမလေးက အန်ကယ်နဲ့ ဘယ်လိုက်ချင်မလဲ။ ညီမလေးဘက်က ကိုကို ပြောခဲ့ပါတယ်။ ပြောသမျှ အားလုံး အန်ကယ်ကလည်း လက်ခံပါတယ်။ ညနေလောက်ကျ ပြန်ကြမယ်နော်။"

နှင်းဆွတ်အတွက် အလုပ်ခန့်စာက အမှန်တကယ်ပင် ရတော့မှာ သေချာခဲ့လေပြီ။ မေမေက ဖေဖေ့ကို ချစ်အောင်၊ ကြည်ညိုအောင် သင်ပေးခဲ့တာ မေမေ့ကို ကျေးဇူးတင်၍ မဆုံးနိုင်တော့ပေ။ ဖေဖေ့ကို နှင်းဆွတ်က စာတစ်စောင်နှင့် နှုတ်ဆက်ခဲ့ပေမယ့် ဖေဖေကတော့ နှင်းဆွတ် တစ်ယောက်တည်း ဆက်ရမည့်

ခရီးရှည်အတွက် ကြိုတင်ပြင်ဆင်မှုတွေအများကြီးနှင့် စောင့်ကြိုနေရှာသည်။

“သမီးအတွက် လိုအပ်မယ် ထင်တာတွေကို ဖေဖေ ဝယ်ထားနှင့်တယ်။ ဖုန်းလေးလည်း ညည်းကိုကို ရောက်လာတာနဲ့ ဝယ်ဖြစ်သွားတယ်။ သမီးကို ဖေဖေ ကိုယ်တိုင် လိုက်ပို့ပြီးမှ ပြန်ဖို့လည်း စီစဉ်ထားတယ်။”

ဆိုတော့ နှင်းဆွတ် မျက်ရည်ကျရပြန်သည်။ ဘာစကားမှ ပြန်မပြောနိုင်။ ရင်ထဲမှာ ဝမ်းနည်းမှုတွေနှင့် ဖေဖေ့ကို ကျေးဇူးတင်ကာ သနားလည်း သနား၊ ဝမ်းနည်းဆုံးကတော့ ဖေဖေ့ကို နှင်းဆွတ် တခြားသူများနှင့် မျှဝေကာ ချစ်ရတော့မှာပါလား ဟူသော အတွေးပင် ဖြစ်သည်။

ထိုရက်ပိုင်းက အမှန်တကယ် သနားခံရသူကတော့ နှင်းဆွတ်သာလျှင်ဖြစ်နေသည်။ အထူးသဖြင့် ကြီးကြီးမြကြ နှင်းဆွတ် ကြိုက်တတ်သော ဟင်းများကို ချက်ကာ အိမ်ဖက်သို့ ခဏတိုင်း ကူးလာသည်။ သမီးလေး ခေါ်လိုက်။ ချွေးမလေး ခေါ်လိုက်။ နှင်းဆွတ်မှာလည်း ရင်ခုန်ရ ရှက်ရ စိတ်မောရ။ နှင်းဆွတ်နှင့် ကိုကို့ကို ကြီးကြီးမြကြ လူကွယ်လျှင် မထိတထိ စနောက်လာခဲ့တာ နှင်းဆွတ် ပညာရေးတက္ကသိုလ်တက်ကတည်းက ဖြစ်သည်။

“သမီး…ဘယ်လိုလည်း၊ တက္ကသိုလ်မှာ ချစ်သူတွေ ဘာတွေများ မထားရဘူးနော်။ ကိုကို့ကိုပဲ စဉ်းစားရမှာ ကြားလား၊ ချွေးမလေး”

ဟု ဖေဖေ၊ မေမေတို့ ကွယ်ရာမှာ ခဏ ခဏ ပြောသည်။ ကြီးကြီးမြကသာ ပြောနေတာ ကိုကိုကဖြင့် နှင်းဆွတ်ကို ချစ်ဖို့ သတိတောင်မှ ရပါလေစဟု နှင်းဆွတ် အသံတိတ်ပြောခဲ့ဘူးတာလည်း အခါခါ။ ကိုကို့လက်နှင့် ပေးတာ မဟုတ်ပဲ နှင်းဆွတ်ကောက်ယူခဲ့သော နှင်းဆွတ်နာမည်နှင့် ချည်ဆွဲကြိုးလေးကို ကိုကို၏ စိတ်ဟု နှင်းဆွတ် ရဲရဲမတွေးဝံ့။ ဒါဆိုဆို ဘာလို့ ဒီဆွဲကြိုးလေး ဖြစ်လာရတာ လဲဟု မတွေးဝံ့ဝံ့ တွေးဝံ့ဝံ့ တွေးနေမိတာကိုလည်း ရှက်လှပါရဲ့ ကိုကိုရယ်။ နှင်းဆွတ်က ကိုကို့ကို အထင်ကြီးမိတာ၊ ကိုကို တော်တာကို

အားကျတာ၊ ကိုကို့ကို အလိုလို အားကိုးချင်မိတာ၊ ဒါ… အချစ်တော့ဖြင့် မဟုတ်သေးဘူး၊ ထင်ပါရဲ့နော်။ ကြီးကြီးမြကို ဘာမှ ပြန်မပြောဖြစ်ဘဲ ရယ်လို့သာ နေရပေမယ့် "စိတ်မပူပါနဲ့ ကြီးကြီးမြရယ်၊ နှင်းဆွတ်ကို ဘယ်သူမှ မလွှမ်းမိုးနိုင်သေးပါဘူး။ ဒါပေမဲ့လည်း ကိုကိုကလည်း မလွှမ်းမိုးသေးပါဘူး" ဟု စိတ်နှင့် ပြောနေမိသည်။ နှင်းဆွတ်၏ ရင်းတွင်းလှုပ်ရှားမှုများကို မေမေသိလျှင် အပြစ်တင်ချင်မှာ၊ ဣန္ဒြေမဲ့ရန်ကောဟု ဆိုမှာ သေချာလှသည်။ နှင်းဆွတ်ကတော့ ကိုယ့်စိတ်ကိုယ် ရိုးသားဖြူစင်စွာ ဆန်းစစ်ပြီး ရှက်စဖွယ်မဖြစ်အောင် ထိန်းခဲ့မိပါတယ်ဟုသာ ဆင်ခြေပေးနေမိတော့သည်။

*